ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (1-6-2006) (၄၉၇၅)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၆ ခုနှစ် မေ ၃၀ ရက်တွင် ဝန်ကြီးအဖွဲ့သစ်ကို ဦးဆောင်တာဝန်ယူ ဆောင်ရွက်သော စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့နေ ပြည်သူလူထု ဟင်းသီးဟင်းရွက်၊ သားငါးများ လွယ်ကူဖူလုံစွာစားသုံးနိုင်ရေး အထူးဇုန်များကိုထူထောင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေ စိုက်ပျိုးမွေးမြူသူများအား လုပ်ငန်းများအောင်မြင်စေရန် ဌာနဆိုင်ရာများက အားပေးကူညီ

ရန်ကုန်   မေ   ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြက်ဆူပျိုးခင်းကြည့်ရှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်(၁)ရှိ ဦးဇော်လွင်ဦး၏ ခြစည်းရိုးကြက်ဆူပင်ပျိုးခင်းသို့ ရောက်ရှိ၍ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါခြံ၌ ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင် ၁၃၀၀၀၀၊ ကိုင်းပျိုးပင် ၂၀၀၀၀ စုစုပေါင်း ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းခွဲကျော်ကို ပျိုးထောင်ထားကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၂)ရှိ ဦးကြူကျင့်မန်၏ ကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြ၍ ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁-၆-၂၀၀၆
(ကြာသပတေးနေ့)

ပန်းတိုင်အထွက်နှုန်းရရှိရေး သီးနှံစိုက်စွမ်းအားတိုးမြှင့်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားများ အပါအဝင် ပြည်သူများ၏ လူမှုစီးပွားတိုးတက်မြင့်မားရေးကို ဖန်တီးဖော်ဆောင်ပေးနိုင်သည်။ တစ်မျိုးသားလုံး၏ စီးပွားရေးတွင် လယ်ယာကဏ္ဍက ၄၁ ရာခိုင်နှုန်းကျော်နှင့် ပြည်ပပို့ကုန်တန်ဖိုးတွင် ၁၁ ရာခိုင်နှုန်းကျော် ပါဝင်နေသည်။

စိုက်ပျိုးရေးကို အခြေခံပြီး အခြားသောစီးပွားရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းသည် လက်တွေ့ကျသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်စေရေး၊ သီးနှံစိုက်စွမ်းအား တိုးမြှင့်နိုင်ရေးတို့ကို ဦးစားပေးလုပ်ကိုင်နေခြင်း ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားလာရေးအတွက် ဒေသ၏ ရေမြေအခြေအနေပေးမှုနှင့်အညီ ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ တည်ဆောက်ခြင်းဖြင့် ရေရရှိရေး အစီအမံများကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ ဆည်တမံ၊ ရေထိန်းတံခါးများကို တည်ဆောက်ပေးနိုင်သဖြင့် မိုးစပါးသာမက နွေစပါးများကိုပါ တိုးချဲ့စိုက်ပျိုးလာနိုင်ကြသည်။ မိုးစပါးအပြီး ဆောင်းသီးနှံနှင့် ပဲမျိုးစုံကို စိုက်ပျိုးကာ နွေစပါးကိုပါ ထပ်မံစိုက်ပျိုးလာနိုင်သည့်အတွက် စပါး၊ ပဲ၊ စပါး တစ်နှစ်သုံးသီး စိုက်ပျိုးနေကြပြီဖြစ်သည်။

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း တည်ဆောက်ပြီးစီးသွားသည့် မရမ်းကုန်း ရေထိန်းတံခါးကို မေလ ၂၇ ရက်နေ့က ဖွင့်လှစ်လိုက်ရာ စိုက်ပျိုးမြေဧက တစ်သောင်းကို အကျိုးပြုနိုင်ပြီဖြစ်သည်။ မရမ်းကုန်းချောင်းပေါ်တွင် အဆိုပါ ရေထိန်း တံခါးကို တည်ဆောက်လိုက်သည့်အတွက် ဆားချောင်းနှင့် မရမ်းကုန်းချောင်း ပတ်ဝန်းကျင် ရေကြီးကွင်းများတွင် ရေတော်မိုးတော် စိုက်ပျိုးမြေများ ပေါ်ထွက်လာပြီး နွေရာသီ၌လည်း ရေချိုထိန်းသိမ်း၍ နွေစပါးများပါ တိုးတက်စိုက်ပျိုးလာနိုင်တော့မည် ဖြစ်သည်။

ယခုအခါ တစ်နိုင်ငံလုံးတွင် မရမ်းကုန်းရေထိန်းတံခါးအပါအဝင် ဆည်တမံရေထိန်းတံခါးပေါင်း ၁၈၆ ခုကို တည်ဆောက်ပေးထားပြီးဖြစ်ရာ လယ်မြေဧက ၂၆ သိန်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်လျက်ရှိသည်။ ဆန်စပါးအပါအဝင် မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ကြံစသည့် သီးနှံများကို ပန်းတိုင် အထွက်နှုန်းရရှိရေး ကြိုးပမ်းစိုက်ပျိုးနေကြပြီ။

နိုင်ငံတစ်ဝန်း စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပေးမှု၊ စိုက်ပျိုးရေ တိုးတက်ဖြန့်ဝေပေးနိုင်မှု၊ စိုက်ပျိုးရေးနည်းပညာ သစ်များနှင့် သီးနှံမျိုးကောင်းမျိုးသန့်များ ပိုမိုအသုံးပြုလာနိုင်မှုတို့နှင့်အတူ သီးနှံစိုက်စွမ်းအား တိုးမြှင့်နိုင်သည်နှင့်အမျှ သီးနှံအထွက်နှုန်းများ သိသိသာသာ တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၃ ရပ်ကွက် အင်းစိန်လမ်းနေ ကွယ်လွန်သူ ဦးအုန်းကြိုင် တစ်နှစ်မြောက် ရည်စူး၍ ဒေါ်မြမြဦး၊ သားသမီး မြေးတစ်စုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်ခံရရှိသောဓာတ်အားကို ပြည်သူများသုံးစွဲနိုင်ရေး စနစ်တကျဖြန့်ဖြူး ဓာတ်အားပိုမိုရရှိပါက အလှည့်ကျမီးပေးသည့်စနစ် ပပျောက်ရေး ဆောင်ရွက်

ရန်ကုန် မေ ၃၁

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် မော်ဘီမြို့နယ် မြောင်းတကာ (၂၃၀) ကေဗွီ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard နှင့် ဓာတ်အားထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ယာယီဓာတ်အားခွဲရုံမှူး ဦးမျိုးမင်းက လိုက်လံရှင်းလင်းပြသသည်။



ထို့နောက် အစည်းအဝေးခန်းမ၌ ဓာတ်အားခွဲရုံမှူးနှင့် တာဝန်ရှိသူများက မဟာဓာတ်အားလိုင်း ဓာတ်အားလက်ခံရရှိမှု၊ လှိုင်သာယာ ဓာတ်အားခွဲရုံသို့ ဓာတ်အားဆက်လက်ပို့ဆောင်ပေးရန် ဆောင်ရွက်ပြီးစီးမှု၊ မြောင်းတကာရှိ စက်မှုလုပ်ငန်းများသို့ ဓာတ်အားဖြန့်ဝေပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရန်ကုန်မြို့တော်နှင့် အနီးတစ်ဝိုက်၌ လျှပ်စစ်ဓာတ်အား ပိုမို သုံးစွဲနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို လိုအပ်ချက်နှင့်အညီ တည်ဆောက်ထားသည်ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ လက်ခံပို့လွှတ်ဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း၊ မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းသည် အရေးကြီးတာဝန်ထမ်းဆောင်နေသည်ဟု မှတ်ယူပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားရန် လိုအပ်ကြောင်း မှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများအားတွေ့ဆုံပြီး တစ်ဦးနှင့်တစ်ဦး ညီအစ်ကို မောင်နှမသဖွယ် ရင်းနှီးချစ်ကြည်စည်းလုံး ညီညွတ်စွာဖြင့် လုပ်ငန်းများဆောင်ရွက်ကြရန်၊ အခက်အခဲများ ဖြစ်ပေါ်လာပါက ဝိုင်းဝန်းပူးပေါင်းဖြေရှင်းသွားရန် မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တာမွေမြို့နယ်ရှိ (၆၆)ကေဗွီ ကျိုက္ကဆံ ဓာတ်အားခွဲရုံသို့ သွားရောက်ပြီး Switch Yard နှင့် ဓာတ်အားထိန်းချုပ်ခန်းသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးဦးမော်စီထွန်းက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ဓာတ်အားခွဲရုံမှူးက လက်ခံရရှိသော ဓာတ်အားများကို ရန်ကုန်မြို့တွင်း သတ်မှတ်နယ်မြေများသို့ ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လက်ခံရရှိသော ဓာတ်အားကို ပြည်သူများ သုံးစွဲနိုင်ရေးအတွက် စနစ်တကျ ဖြန့်ဖြူးပေးရေး၊ ဓာတ်အား ပိုမိုရရှိလာပါက အလှည့်ကျမီးပေးသည့် စနစ်ပပျောက်ရေး ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများအား တွေ့ဆုံပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများဖြစ်သည်နှင့်အညီ ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် တာမွေမြို့နယ်ရှိ ၆၆ ကေဗွီ ကျိုက္ကဆံ ဓာတ်အားခွဲရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(အမှတ်-၂ လျှပ်စစ်စွမ်းအား)

သဃ်န်းကျွန်းမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၂ နာရီက အထက(၁)ကျောင်း သပြေခန်းမ၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းသုံးစာအုပ်၊ ကျောင်းဝတ်စုံနှင့် အလှူငွေများကို လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်လွင်တို့က လက်ခံရယူကြသည်။

ထို့နောက် ကျောင်းနေအရွယ်ကလေးများအား စုစုပေါင်း ကျပ် ၇၂၉၆၆၀ တန်ဖိုးရှိ ကျောင်းသုံး စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် တာဝန်ရှိသူတို့က ပေးအပ်ကြသည်။ **(အပေါ်ပုံ)** **(၅၀၆)**

ပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံ ပေးအပ်ပွဲကို မေ ၂၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်စန်းစန်းဌေး ဝတ်စုံများ ပေးအပ်စဉ်။ (၆၁)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ဆေးလိပ်အခိုးအငွေ့ကင်းစင် မိသားစုဘဝပျော်ပျော်ရွှင်

မြင့်စိုး(နတလ)

(၁)

ကျွန်တော်နှင့်အတူ တစ်ပါတည်းယူဆောင်သွားသော ဓာတ်မှန်၊ သွေးစစ်ဆေးချက်အဖြေတို့ကို အသေအချာကြည့်ရှုစစ်ဆေးပြီးနောက် ဆရာဝန်ကြီးကမှတ်ချက်ပြုသည်။

"အဆုတ်ကအနာတွေတော်တော်စင်သလောက်ဖြစ်နေပြီဗျ"

"အမာရွတ်လောက်ပဲကျန်တော့တယ်၊ဆေးလိပ်(လုံးဝ) ပြန်မသောက်ပါနဲ့၊ အားဆေးမှန်မှန်စားပါ၊ တစ်နှစ်ပြည့်ရင် ကျွန်တော်နဲ့ပြန်ပြပါ"

၂၀၀၄ခုနှစ် စက်တင်ဘာလလယ်၌ ကျွန်တော်သွေးအန်သည်။ မှတ်မှတ်ရရဆေးလိပ်ဖြတ်ပြီး၊ ကွမ်းဖြတ်ပြီး နှစ်ပတ်တိတိအကြာမှာ အန်ခြင်းဖြစ်သည်။ မည်သည့်လက္ခဏာမျှ ကြိုတင်ပြမနေတော့ဘဲ တဝေါဝေါတဖြောဖြော အန်ထွက်လာခြင်းဖြစ်၏။ လက္ခဏာပြပြ၊ မပြပြ ဒါဆေးလိပ်ကြောင့်ဖြစ်တာ၊ အဆုတ်မကောင်းလို့ဆိုတာကိုတော့ ကျွန်တော် ရိပ်စားမိသည်။ သို့တစေ ဆေးရုံသို့ ကျွန်တော်မသွားရဲ။ အိမ်မှာ ကျန်ခဲ့သောလူမမာဇနီးသည်အား ထိတ်လန့်တကြားမဖြစ်စေလို။ အထူးကုဆေးခန်းတစ်ခုမှာ သွားရောက်ပြသပြီး သက်ဆိုင်ရာဆရာဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း လိုက်နာကုသခဲ့ရသည်။

(၂)

ကျွန်တော်ဆေးလိပ်ဖြတ်ခဲ့စဉ်က ပုံမှန်ရုံးလုပ်ငန်းတာဝန်များ၊ မိသားစုအရေးကိစ္စများ နည်းပါးပြီး စိတ်ချမ်းမြေ့ကြည်လင်မှုရှိမည်ဟု ထင်ရသောနေ့ရက်တစ်ရက်ကိုရွေးချယ်ခဲ့သည်။ နံနက်အိပ်ရာထချိန်မှစ၍ မိမိဆေးလိပ်ဖြတ်နေပြီဆိုသော အသိကိုသွင်းထားလိုက်သည်။ ၁၅မိနစ်၊ မိနစ် ၃၀၊ တစ်နာရီ စသည်ဖြင့် အချိန်နာရီများကို တရွေ့ရွေ့ကြိုးစားဖြတ်ကျော်သည်။ ဖြတ်ကျော်လာသော အချိန်နှင့်အမျှ တစ်နာရီကြာလျှင် မိမိဆေးလိပ်ဘယ်နှလိပ်မသောက်ဘဲနေနိုင်ခဲ့ပြီ။ ထို့အတူ နှစ်နာရီကြာလျှင် ဘယ်လောက်၊ သုံးနာရီကြာလျှင် ဘယ်လောက် စသည်ဖြင့် ရေတွက်လျက် ဂုဏ်ယူစိတ်မွေးရသည်။ တစ်နည်းဆိုရသော် အောင်စိတ်မွေးခြင်းဖြစ်ပါသည်။

အများအားဖြင့်ဆေးလိပ်သောက်သုံးသူများသည် အိပ်ရာဝင်/အိပ်ရာထချိန်၊ တရေးနိုးချိန်၊ အစာစားပြီးချိန်၊ လက်ဖက်ရည်၊ ကော်ဖီသောက်ပြီးချိန် စသည်တို့တွင် ဆေးလိပ်ကို ပို၍ချင်ခြင်းတပ်ကြသည်။ သည်အချိန်တွေပဲလားဆိုတော့လည်း မဟုတ်သေးပါ။ တစ်ခုခုကို စဉ်းစားတွေးတောချိန်၊ အလွန်အမင်းစိတ်လှုပ်ရှားနေချိန်၊ အလုပ်မရှိ၍ ယောင်နနဖြစ်နေချိန်၊ အိမ်သာတက်ချိန်ဆိုတာတွေလည်းပါသေးသည်။ ခါတိုင်းမတော့ ထိုအချိန်တော်တော်များများကို ဆေးလိပ် လက်ကြားညှပ်ရင်းကုန်လွန်စေခဲ့သည်သာ။

ဆေးလိပ်ဖြတ်ပြီဆိုသည်နှင့် ထိုအချိန် တစ်ခုချင်းစီကို သတိနှင့်ယှဉ်၍ဖြတ်ကျော်ရန်လိုလာသည်။ နံနက်ခင်းမှစ၍ မွန်းလွဲပိုင်း ရောက်သည်အထိ ဆေးလိပ်သောက်ချင်စိတ်အား ထိန်းချုပ်နိုင်လျှင်ပင် မိမိဘက်သို့ ရာခိုင်နှုန်း ၅၀နီးပါးပါလာပြီဟုဆိုရပေမည်။ ညအိပ်ရာဝင်ချိန်အထိ မသောက်ဘဲနေနိုင်လျှင်မူ မိမိတစ်ရက်ဆေးလိပ်ပြတ်ခဲ့ပြီ။ သုံးရက်ခန့်အကြာ တောင့်တမှုသိပ်မရှိတော့ပေ။ နေသာထိုင်သာရှိလာသည်။ ဆေးလိပ်ကို အမှန်တကယ်ဖြတ်နိုင်ခဲ့ပါပြီ။

(၃)

အချို့ကဆေးလိပ်နှင့် ဝေးဝေးမှာနေ၊ ဝေးဝေးမှာထား၍ဆေးလိပ်ဖြတ်ခြင်း အမှုကိုပြုကြ၏။ ကျွန်တော့်ဖြတ်နည်းကမူ ဆေးလိပ်ဘူးနှင့် မီးခြစ်ကိုကိုယ်နှင့်မကွာဆောင်ထားပြီးမှ ဖြတ်ခဲ့ခြင်းဖြစ်သည်။ ဆေးလိပ်ဖြတ်ခြင်းသည် စိတ်ဓာတ်ရေးရာတိုက်ပွဲတစ်ခုပင်။ ဆေးလိပ်ဖြတ်မည့်ဆုံးဖြတ်ချက်ကို ကိုယ်တိုင်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဘယ်သူမပြုမိမိမှု၊ ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ်တိုင်လေးစားရမည်။ ပေါက်မြောက်အောင်အားထုတ်ရမည်။ စိတ်မနိုင်၍ဆေးလိပ်နှင့်မီးခြစ်ကို ပြန်ကိုင်တာမျိုး မလုပ်သင့်။

တကယ်ဖြတ်လျှင်ပြတ်ပါသည်။ အစားထိုးပစ္စည်းမလိုအပ်ပါ။ နိုင်ငံခြားမှာတော့ နီကိုတင်းပါသော အစားထိုးပစ္စည်းများသုံးကြကြောင်း သိရသည်။ ကျွန်တော်တို့အတွက် အဓိကလိုအပ်ချက်မှာ စိတ်ဓာတ်ခိုင်မာမှုပင်ဖြစ်ပါသည်။ စိတ်ဓာတ်ခိုင်မာအောင် မည်သို့ တည်ဆောက်ရမည်နည်း။ မေတ္တာတရားနှင့် တည်ဆောက်ရပါမည်။ သံယောဇဉ်နှင့်နှောင်ဖွဲ့ရပါမည်။ မိဘသံယောဇဉ်၊ ဇနီးသားသမီးသံယောဇဉ်၊ ချစ်သူခင်သူသံယောဇဉ်၊ ညီအစ်ကိုမောင်နှမသံယောဇဉ်၊ ဆရာတပည့် သံယောဇဉ် အမျိုးမျိုးရှိကြသည်။ ဦးနှောက်ဖြင့် ပြတ်ပြတ်သားသား ဆုံးဖြတ်၍ မေတ္တာတရား၊ သံယောဇဉ်နှောင်ဖွဲ့မှုတို့ဖြင့် ဝန်းရံတည်ဆောက်ရပါမည်။

ယနေ့ကမ္ဘာကြီးတွင် ဆေးလိပ်ကြောင့် ၆ ဒသမ ၅ စက္ကန့်မှာ လူတစ်ယောက်နှုန်း သေနေကြသည်။ လူပေါင်းများစွာ နာမကျန်း ဖြစ်နေကြသည်။ မသန်မစွမ်း ဖြစ်သွားကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆို၏။ စီးကရက်တစ်လိပ်သောက်ပြီးတိုင်း ငါးမိနစ်ခွဲ အသက်တိုသွားကြောင်း၊ ဆေးလိပ်သောက်သူသည် သာမန်လူထက် အဆုတ်ကင်ဆာ ဖြစ်နိုင်ခြေ ရှစ်ဆမှ ၁၅ ဆအထိ ပိုကြောင်း၊ ထို့အပြင် ဆေးလိပ်သောက်သူများ နှုတ်ခမ်း၊ ခံတွင်းနှင့်လျှာကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာရောဂါများ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဆုတ်ရောင်၊ အဆုတ်ပွ၊ ပန်းနာ၊ လေပြွန်ပိတ်ရောဂါများ စသည်တို့ ဖြစ်ပွားတတ်ကြောင်းကိုလည်း ကျန်းမာရေးဆိုင်ရာ ပညာရှင်များက ဆွေးနွေးပညာပေးကြသည်။ ကာကွယ်တားဆီးကြသည်။

ယနေ့ကမ္ဘာကြီးတွင် ဆေးလိပ်ကြောင့် ၆ဒသမ၅စက္ကန့်မှာ လူတစ်ယောက်နှုန်း သေနေကြသည်။ လူပေါင်းများစွာ နာမကျန်း ဖြစ်နေကြသည်။ မသန်မစွမ်း ဖြစ်သွားကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆို၏။ စီးကရက်တစ်လိပ်သောက်ပြီးတိုင်း ငါးမိနစ်ခွဲ အသက်တိုသွားကြောင်း၊ ဆေးလိပ်သောက်သူသည် သာမန်လူထက် အဆုတ်ကင်ဆာ ဖြစ်နိုင်ခြေ ရှစ်ဆမှ ၁၅ ဆအထိ ပိုကြောင်း၊ ထို့အပြင် ဆေးလိပ်သောက်သူများ နှုတ်ခမ်း၊ ခံတွင်းနှင့်လျှာကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာရောဂါများ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဆုတ်ရောင်၊ အဆုတ်ပွ၊ ပန်းနာ၊ လေပြွန်ပိတ် ရောဂါများ စသည်တို့ ဖြစ်ပွားတတ်ကြောင်းကိုလည်း ကျန်းမာရေးဆိုင်ရာ ပညာရှင်များက ဆွေးနွေး ပညာပေးကြသည်။ ကာကွယ်တားဆီးကြသည်။

ဤသည်ကို နားဝင်သူလည်းရှိ၊ မဝင်သူလည်းရှိ၊ ပြင်သူလည်းရှိ၊ မပြင်သူလည်းရှိ၊ သိသူလည်းရှိ၊ မသိယောင်ဆောင်သူများလည်းရှိကြသည်။ မသိယောင် မမြင်ယောင်ဆောင်သူများထဲတွင် တစ်ချိန်က ကျွန်တော်လည်း ပါခဲ့သည်။ ဆေးလိပ်မသောက်ရေး၊ ကွမ်းမစားရေး ပညာပေးအစီအစဉ်များကို မြဝတီရုပ်/သံမှ ထုတ်လွှင့်နေလျှင် MRTVသို့ လိုင်းပြောင်းပစ်လိုက်သည်။ MRTVမှ လွှင့်နေလျှင် မြဝတီရုပ်/သံသို့ လိုင်းပြောင်းပစ်သည်။ စင်စစ်သော်ကား ကျွန်တော်သည် ယင်းပညာပေး အစီအစဉ်များနှင့် ရင်မဆိုင်ရဲခြင်းပါတည်း။ နေရာအနှံ့ စိုက်ထူထားသည့် ပညာပေးဆိုင်းဘုတ်များကိုလည်း မျက်နှာလွှဲခဲ့မိသည်။ ဤသို့ဖြင့် မိမိ၏ မိသားစုဝင်များအကြား၌လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ လူ အများအကြား၌လည်းကောင်း ဆေးလိပ်အခိုးအငွေ့များကို ဖွာရှိုက် မှုတ်ထုတ်လုပ်လာခဲ့မိသည်မှာ နှစ်ပေါင်းများစွာ။ ဆေးလိပ်ဖြတ်ဖို့၊ လျှော့သောက်ဖို့ တိုက်တွန်းသူ များနှင့်တွေ့လျှင်လည်း စကားရောဖောရောလုပ်ပစ်ခဲ့သည်ချည်းသာ။

(၄)

ဆေးလိပ်ဖြတ်ရန် အရေးကိစ္စနှင့်ပတ်သက်၍ စကားရောဖောရောလုပ်ပစ်၍မရသူမှာ ကျွန်တော်၏ သားဖြစ်ပါသည်။ သိတတ်စအရွယ်မှစ၍ ဆေးလိပ်ဖြတ်ရန် တိုက်တွန်းသည်။ ကြိမ်ဖန်များစွာ တောင်းဆိုသည်။ ကျွန်တော်ကလည်း ဖြတ်ပါမည်ဟု ကတိပေးခဲ့သည်။ ချက်ချင်းတော့ မဖြတ်နိုင်။ အချိန်အနည်းငယ်ယူ၍ ဆုံးဖြတ်ချက်ခိုင်မာအောင် တည်ဆောက် ရသေး၏။ ဤသို့ အရှိန်ယူနေဆဲမှာပင် ဖြစ်ချင်တော့ ခြေချောင်း၊ လက်ချောင်းလေးတွင် ကျဉ်သည့်လက္ခဏာပြလာသည်။ သွေးမလျှောက်တော့၍ များလား။ သွေးမလျှောက်လျှင် ခြေပုပ်၊ လက်ပုပ်ဖြစ်မည်။ ခြေထောက်ဖြတ် လက်ဖြတ်လုပ်ရမည်။ ဒုက္ခိတဖြစ်မည်။ မိမိဒုက္ခိတဖြစ်လျှင် ဇနီးသည်လူမမာကို မည်သို့ပြုစုမည်နည်း။ မိမိ သားရေး့ရေးကရော မည်သို့ဖြစ်သွားမည်နည်း။ မိမိဆေးရုံတက်ရပြီဆိုကြပါစို့။ မည်သူလာ၍ ကြည့်နိုင်မည်နည်း။ ပြီးတော့ ဆေးဝါးကုသစရိတ်များ၊ ဦးနှောက်အမြှေးရောင်ရောဂါကြောင့် ဇနီးဖြစ်သူ ဆေးရုံသုံးကြိမ်တက်ရသည်ကပင် ကျွန်တော်တို့ မိသားစုအတွက် ဆေးရုံတက်ခြင်း အတွေ့အကြုံ လုံလောက်ခဲ့ပါပြီ။

နောက်တစ်ခုက မိသားစုဝင်ငွေ။ နှစ်ပေါင်းများစွာဖြုန်းတီးလာသော ဆေးလိပ်ဖိုး၊ ကွမ်းဖိုးများကို ပြန်ပေါင်းကြည့်လျှင် ကျွန်တော်သည် အလွန် တစ်ကိုယ်ကောင်းဆန်သူ၊ အလွန်အတ္တကြီးမားသူ ဖြစ်ကြောင်း ကိုယ်တိုင် စဉ်းစားသိရှိလာရသည်။ သည်ငွေတွေကို မိသားစုအတွက် သုံးခဲ့လျှင် မည်မျှကောင်းလိမ့်မည်နည်း။ ထိုသို့သော အကြောင်းတရားများကြောင့် ကျွန်တော် ဆေးလိပ်ဖြတ်ခဲ့ရသည်။ ပြတ်ခဲ့ရသည်။ အနှစ် ၂၀ ကျော်ခန့် သောက်လာသော ဆေးလိပ်၊ တော်ရုံစိတ်နှင့်ဖြတ်ဖို့မလွယ်။ မိသားစုအရေးနှင့်ချီတွေးပါမှ အပြီးအပိုင် မီးငြိမ်းသွားခဲ့သည်။ မိသားစု သံယောဇဉ်၊ မေတ္တာတရား၏ စွမ်းအားများပင်တည်း။

ဆေးလိပ်သည် ပတ်ဝန်းကျင် လူအများအပြားက လက်မခံတော့သော၊ နှာခေါင်းရှုံ့လာသော ရုပ်ဝတ္ထုပစ္စည်းတစ်ခု ဖြစ်မှန်းမသိ ဖြစ်လာသည်။ နိုင်ငံတော်က ထုတ်ပြန်ပြီးသော ဥပဒေပြဋ္ဌာန်းချက်အရလည်း ဆေးလိပ်၏ ရပ်တည်ခွင့်နယ်ပယ်သည် တစ်စတစ်စကျဉ်းမြောင်းလာပြီဖြစ်သည်။ ဆေးလိပ်ကြောင့် ကျန်းမာရေး ထိခိုက်ပြီဆိုလျှင် မိမိတို့ကုန်ကျသည့် ဆေးဝါးကုသစရိတ်အပြင် နိုင်ငံတော်က အကုန်အကျခံရသည့် ကျန်းမာရေး စောင့်ရှောက်မှုစရိတ်များ၊ ကျန်းမာရေးဝန်ထမ်းများ စိုက်ထုတ်ရသော အချိန်နှင့်လုပ်အား၊ မိမိ ကိုယ်တိုင်ဆုံးရှုံးခံလိုက်ရသော အချိန်နှင့် လုပ်အား၊ မိသားစုဝင်များ၏ သောကဗျာပါဒနှင့် အခက်အခဲများ စသည်တို့က နောက်မှာတစ်သီတစ်တန်းပါလာတတ်သည်။

သည့်အတွက် ကျွန်တော်တိုက်တွန်းဆန္ဒပြုလိုသည်မှာ ဆေးလိပ်သောက်သုံးသူများအနေဖြင့် မိသားစု မေတ္တာတရားကို စွမ်းအားအဖြစ်ပြောင်းလဲ၍ ကောင်းကျိုးမပေးသည့် ဆေးလိပ်အပေါ် အပြီးအပိုင်အနိုင်ယူနိုင်ကြပါစေ။ ရာသက်ပန်ဖြတ်နိုင်ကြပါစေ။ ဆေးလိပ်အခိုးအငွေ့ကင်းစင်သော မိသားစုဘဝကို တည်ဆောက်၍ ပတ်ဝန်းကျင်သစ်၊ လောကသစ်ကို ကြိုဆိုနိုင်ကြပါစေဟူ၍သာ– –။ ။

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအားမြင့်တက်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ် ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှု လျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင် သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်းနေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၁၀** ၈။ မျိုးချစ်တပ်မတော်
- **၅:၂၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း–၃၁)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိ ဗျတ္တိ" (အပိုင်း–၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

တောင်ကိုရီးယားနိုင်ငံ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်ရေး စက်ရုံ၏လုပ်ငန်းခွင်တစ်နေရာကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လျှင်ဘေးအန္တရာယ်ကာကွယ်ရေး ဖိလစ်ပိုင်၌ လေ့ကျင့်မည်

မနီလာ မေ ၃၀

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် ငလျင်ဘေးအန္တရာယ်ကာကွယ်မှုဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ရန် သမ္မတ ဂလိုရီယာမာကာပါဂယ်လ်အာရိုယိုက တာဝန်ရှိသူများကို မေ ၂၉ ရက်တွင် အမိန့်ထုတ်ပြန်လိုက်သည်။ ပြီးခဲ့သော ရက်သတ္တပတ်ကုန်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အင်အား ၅ဒသမ၉ ရှိ ငလျင်လှုပ်သွားပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် ယခုကဲ့သို့ အမိန့်ထုတ်ပြန်ခြင်းဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို အမျိုးသားဘေးအန္တရာယ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အင်ဒီစီစီ)နှင့် ဖိလစ်ပိုင် မြေငလျင်နှင့်မီးတောင်ပညာဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် အာရိုယိုက အမိန့်ထုတ်ပြန်ထားသည်။ ကျောင်းများ၊ စီးပွားရေးလုပ်ကိုင်ရာ ဒေသများနှင့်သွားလာမှုများသော နေရာများတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် လေ့ကျင့်မှုများပြုလုပ်ရန်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များကို လွန်လွန်ကဲကဲ ထိတ်လန့်စရာများအဖြစ် မှတ်ယူခြင်း မရှိသင့်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သော နေရာဒေသများတွင် အရေးပေါ်သဘာဝ ဘေးအန္တရာယ်ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်တွင် ငလျင်လှုပ်မှု၊ မြေပြိုမှု၊ ရေကြီးမှုနှင့် အခြားသော သဘာဝဘေးအန္တရာယ်များပါဝင်ကြောင်း အာရိုယို၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ရှားနိုင်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ငလျင်နှင့် မီးတောင်ပေါက်ကွဲမှု မကြာခဏဖြစ်ပွားသော ပစိဖိတ်သမုဒ္ဒရာချိုင့်ဝှမ်းတွင် တည်ရှိသည့်အတွက်ကြောင့်ဖြစ်ကြောင်း ဖိလစ်ပိုင်မြေငလျင်နှင့် မီးတောင်ပညာဌာနမှ ညွှန်ကြားရေးမှူး ရီနာတိုဆိုလီဒမ်က ပြောကြားသည်။

၁၉၉၄ခုနှစ်တွင် မန်ဒိုရိုနယ်တွင် အင်အားပြင်းသောငလျင် လှုပ်ရှားခဲ့ကြောင်း၊ မိမိတို့၏ လေ့လာချက်များအရ လေးနှစ် သို့မဟုတ် ငါးနှစ်တိုင်းတွင် ဖိလစ်ပိုင်၌ အင်အားပြင်းငလျင် တစ်ကြိမ်လှုပ်လေ့ရှိကြောင်း ၎င်းကသတင်းထောက်များကို ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားအရေးပေါ် ဆေးကုသရေးအဖွဲ့ အင်ဒိုနီးရှားသို့ထွက်ခွာ

ဆိုးလ် မေ ၃၀

တောင်ကိုရီးယားနိုင်ငံမှ အရေးပေါ်ဆေးကုသရေးအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ မြေငလျင်ဘေးဒုက္ခသည်များအား ဆေးဘက်ဆိုင်ရာ အကူအညီပေးရန်အတွက် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ဆိုးလ်မြို့မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

ဆရာဝန်များ၊ သူနာပြုများနှင့် အစိုးရတာဝန်ရှိသူ ၁၉ ဦးခန့် ပါဝင်သော ဆေးကုသရေး ပူးပေါင်းအဖွဲ့သည် ဂျကာတာလေဆိပ်သို့ ညနေ ၃ နာရီ မိနစ် ၃၀ ခန့်တွင် ရောက်ရှိကြသည်။ ၎င်းတို့နှင့်အတူ ငလျင်ဘေးဒုက္ခသည်များအား ကူညီထောက်ပံ့ရန် အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများ သယ်ဆောင်သွားကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို မကြာမီရက်ပိုင်းအတွင်း ထပ်မံပို့ဆောင်ပေးရန် စဉ်းစားလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အင်ဒိုနီးရှား ငလျင်ဘေးဒုက္ခသည်များအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို တောင်ကိုရီးယားသမ္မတ နိုမူဟွန်က စနေနေ့တွင် ပေးပို့ခဲ့ကြောင်း ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

လှော့စ်အိန်ဂျလိစ်တွင် ပြုလုပ်သော ကွန်ပျူတာအီလက်ထရွန်နစ်ဂိမ်းပြပွဲတွင် အရောင်းမြှင့်တင်နေကြသူများကို မေ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါ ဖွံ့ဖြိုးတိုးတက်ရေး အိန္ဒိယဆက်လက်ထောက်ပံ့မည်

ခတ္တမန္ဒူ မေ ၃၀

အိန္ဒိယနိုင်ငံသည် နီပေါနိုင်ငံသို့ ထောက်ပံ့မှု ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နီပေါနိုင်ငံ၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ပါးရေးတို့အတွက် အိန္ဒိယနိုင်ငံက ဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း နီပေါနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ရှီရှန်ကာမူခါဂျီက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ သတင်းနည်းပညာကဏ္ဍ၊ အာကာသ စူးစမ်းရှာဖွေရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဇီဝနည်းပညာကဏ္ဍတို့တွင် အိန္ဒိယ နိုင်ငံက ရရှိထားသည့် အတွေ့အကြုံများကို နီပေါနိုင်ငံသို့ မျှဝေပေးလိုကြောင်း မူခါဂျီ၏ ပြောကြားချက်ကို ကိုးကားလျက် နီပေါအသံလွှင့်ဌာနက တနင်္လာနေ့တွင် ကြေညာသည်။

နီပေါနှင့် အိန္ဒိယနိုင်ငံတို့၏ ရာစုနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့်တစ်ဦးကိုတစ်ဦး အမှီပြုဆက်ဆံရေးမှာ ပိုမိုပြည့်စုံလာပြီး ပိုမိုဖြစ်ထွန်းစည်ပင်လာမည်ဖြစ်ကြောင်း မူခါဂျီက ပြောကြားသည်။ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ပေါ်ပေါက်ခဲ့သော ပြဿနာများနှင့် စိန်ခေါ်မှုများကို နှစ်နိုင်ငံပူးတွဲကြိုးပမ်းမှုဖြင့် ဖြေရှင်းရန် လိုအပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်နိုင်ငံတောင်ပိုင်း အဲဘတ်စ်လေယာဉ်စက်ရုံ ပေါက်ကွဲမှုဖြစ်ပွား

ပါရီ မေ ၃၀

ပြင်သစ်နိုင်ငံ အဲဘတ်စ်လေယာဉ် စက်ရုံတွင် တနင်္လာနေ့နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ လူငါးဦး ဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြသည်။ အဆိုပါစက်ရုံသည် ပြင်သစ်နိုင်ငံတောင်ပိုင်း၌ တည်ရှိသည်။ ဒဏ်ရာရရှိသွားသူများအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံသို့ပို့လိုက်ရကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။ အခြားသုံးဦး၏ ဒဏ်ရာမှာ မပြောပလောက်ကြောင်း သိရသည်။

တူလုစ်မြို့ရှိအဲဘတ်စ်စက်ရုံ၏ ဟိုက်ဒရောလစ်အလုပ်ရုံတွင် ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပေါက်ကွဲ မှုကြောင့် မီးလောင်ကျွမ်းခြင်း၊ စက်ရုံပြိုကျခြင်းစသည့် အဖြစ်အပျက်များ ဖြစ်ပွားခြင်းမရှိဟု စက်ရုံအာဏာပိုင်များက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကက်ရှ်မီးယားတွင် တိုက်ခိုက်မှုဖြစ်ပွား ပြောက်ကျားခေါင်းဆောင် အပါအဝင် သုံးဦးသေဆုံး

နယူးဒေလီ မေ ၃၀

ကက်ရှ်မီးယား တောင်ကြားဒေသတွင် တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိကြောင်း၊ မေ ၂၆ရက် ညမှ မေ ၂၇ ရက်အထိ တိုက်ခိုက်မှုတွင် ပြောက်ကျားခေါင်းဆောင်တစ်ဦး အပါအဝင် လူသုံးဦးသေဆုံးခဲ့ကြောင်း သတင်းတစ်ရပ်၌ ရေးသားဖော်ပြသည်။

အိန္ဒိယရဲတပ်ဖွဲ့နှင့် ကြည်းတပ်ဖွဲ့ဝင်များသည် ပြောက်ကျားခေါင်းဆောင် ဟဇ်ဘူလ်မူဂျာဟီဒင်ကို အိန္ဒိယ ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ ဆရီနဂါမြို့မှ ၁၀၅ ကီလိုမီတာအကွာ ကျေးရွာတွင် မေ ၂၆ ရက်ညက အသေဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အထူးသတင်းအရ အဆိုပါကျေးရွာကို အိန္ဒိယရဲတပ်ဖွဲ့နှင့် ကြည်းတပ်ဖွဲ့ဝင်များက ဝန်းရံခဲ့သည်။ ပြောက်ကျားများသည် ပုန်းခိုရာနေရာမှ အိန္ဒိယတပ်ဖွဲ့ကို စတင်ပစ်ခတ်ခဲ့သည်။ နောက်ဆုံးတိုက်ပွဲတွင် ပြောက်ကျားခေါင်းဆောင်ကို အိန္ဒိယတပ်ဖွဲ့က ပစ်သတ်ခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ အင်ဒို-အာရှသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းတွင် ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပွား သေဆုံးသူ ၇၇ ဦးရှိ

ဗန်ကောက် မေ ၃၀

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကြောင့် သေဆုံးသူဦးရေ များပြားလာရာ ၇၇ ဦးအထိရှိပြီဖြစ်ကြောင်း၊ ပျောက်ဆုံးသူဦးရေ ၃၈ ဦး ရှိကြောင်း အစိုးရက မေ ၂၉ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သော ရက်သတ္တပတ်တွင် ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ် ငါးခုတွင် ရေကြီးမှုများဖြစ်ပွားပြီး၊ မြေပြိုမှုများလည်း ဖြစ်ပွားခဲ့သည်။ အဆိုပါ ပြည်နယ်များမှာ နန်၊ ပရာ၊ လမ်ဖန်၊ ဥတာရာဒက်နှင့် ဆူကိုသာ ပြည်နယ်တို့ဖြစ်ကြသည်။ ပြီးခဲ့သော ရက်သတ္တပတ်ကုန်အစောပိုင်း၌ ထိုဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေများစွာ ရေနစ်မြုပ်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ဒေသများတွင် အိမ် ၅၅၅ လုံး လုံးဝပျက်စီးခဲ့ပြီး၊ တစ်စိတ်တစ်ဒေသ ပျက်စီးသွားသော အိမ်အလုံးပေါင်း ၃၁၂၀ ရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ရေလွှမ်းမိုးမှုဘေးအန္တရာယ်ကြောင့် လူ ၁၇၀၆၀၀ ထက်မနည်း ရေဘေးဒုက္ခသည်များဖြစ်ကြရပြီး၊ ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရသူ ၁၂၄၀ ရှိကြောင်း၊ ရေကြီးမှုကြောင့် စီးပွားရေးအရ ဘတ်ငွေ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅ သန်းခန့်) ဆုံးရှုံးမည်ဟု ခန့်မှန်းထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြသည်။ ပြည်နယ်လေးခု၌ မေ ၂၉ ရက်တွင် ရေကျဆင်းစပြုပြီဟု သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟာဘင်ပြည်နယ် ဥယျာဉ်အတွင်း ပေါက်ဖွားသည့် ဆိုက်ဘေးရီးယားကျားပေါက်ကလေးသုံးကောင်ကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှူးဖိနပ်များအခွန်နှစ်ဆကောက်မည့် အီးယူ၏ဆုံးဖြတ်ချက်ကြောင့် ဗီယက်နမ်မှ ဖိနပ်လုပ်ငန်းရှင်များ အခက်အခဲနှင့်ရင်ဆိုင်ရ

ဟန်နွိုင်း မေ ၃၀

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ ဗီယက်နမ်နိုင်ငံက တင်ပို့သော ရှူးဖိနပ်များကို မေလ ၂၃ ရက်ကတည်းက အခွန် ၄ ဒသမ ၂ ရာခိုင်နှုန်း ကောက်ခံလာခဲ့ရာမှ ဇွန်လ ၂ ရက်မှ စတင်၍ အခွန်နှစ်ဆ တိုးမြှင့်ကောက်ခံမည်ဟု ဥရောပကော်မရှင်က ဆုံးဖြတ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနက မေ ၂၉ ရက်တွင်ဖော်ပြသည်။

ဥရောပကော်မရှင်၏ ဆုံးဖြတ်ချက်အရ ဗီယက်နမ် ရှူးဖိနပ်များ တင်ပို့မှုကို ကနဦးအနေဖြင့် ၄ ဒသမ ၂ ရာခိုင်နှုန်း ကောက်ခံရာမှ နောက်ဆုံးတွင် ၁၆ ဒသမ၈ရာခိုင်နှုန်းအထိတစ်စတစ်စ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်သည်။ အကောက်ခွန်နှုန်းထား မြှင့်တင်ရေး ယာယီအစီအစဉ်ကို ခြောက်လတာ ကာလအတွင်း တစ်ဆင့်စီ အကောင်အထည်ဖော်ရန်ဖြစ်သည်။ အခွန်တိုးမြှင့်ကောက်ခံမှုကြောင့်ဥရောပဈေးကွက်တွင် ဗီယက်နမ် ဖိနပ်လုပ်ငန်းသည် အခြားယှဉ်ပြိုင်ဘက်များနှင့် အပြိုင်ဆောင်ရွက်ရန် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်လာရဖွယ်ရှိကြောင်း လူငယ်သတင်းစာက ရေးသားဖော်ပြသည်။

အခွန်တိုးမြှင့်မှုကြောင့် ဗီယက်နမ်ဖိနပ်လုပ်ငန်းရှင်များသည် လုပ်ငန်းများကို လျှော့ချလုပ်ကိုင်လာကြမည် ဖြစ်သည်။ ဒေသဆိုင်ရာ ဖိနပ်လုပ်ငန်းနှင့် တိုက်ရိုက်ဆက်နွယ်နေသော အလုပ်သမား ၅၀၀၀၀၀နှင့် အဆိုပါလုပ်ငန်းနှင့် သွယ်ဝိုက်ဆက်နွယ်လျက်ရှိသော လုပ်ငန်းများမှ အလုပ်သမားအများအပြားသည် အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။

ဗီယက်နမ် အလုပ်သမားများ၏ ပျမ်းမျှလစာသည် ယခင်က အမေရိကန်ဒေါ်လာ ၇၅ဒသမ ၅မှ ၈၁ဒသမ ၈အထိ ရှိခဲ့ရာမှ ယခုအခါ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၉ ဒေါ်လာသာ ရှိကြောင်း အစိုးရမဟုတ်သော ဗီယက်နမ်အလုပ်အကိုင် ကူညီရေးအဖွဲ့နှင့် သာရေးနှင့် ဖိနပ်လုပ်ငန်း အဖွဲ့တို့၏ မကြာသေးမီက ပူးပေါင်းလေ့လာချက်ကို ကိုးကား၍ သတင်းစာ၌ ရေးသားဖော်ပြသည်။

သားရေထည် ဖိနပ်လုပ်ငန်းတွင် အမျိုးသမီး အလုပ်သမား ၈၀ရာခိုင်နှုန်းကျော်ရှိကြောင်း၊ အဆိုပါအလုပ်သမားများသည် စိုက်ပျိုးရေးလုပ်ကိုင်ရာ အရပ်မှ လာရောက်လုပ်ကိုင်ကြသော ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြောင်း၊ လုပ်ငန်းချုံ့၍ လုပ်ကိုင်လာရမည်ဆိုပါက အမျိုးသမီးများနှင့် ကလေးအလုပ်သမားများ၏ အလုပ်အကိုင်များ ထိခိုက်မည်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူနိုင်ငံ ဆေးရုံများတွင် စရိတ်အကုန်အကျ သက်သာသော ဆေးဝါးကုသမှုပေး၍ နိုင်ငံခြားဧည့်သည်များလာရောက်စေရန် ဆွဲဆောင်လျက်ရှိသည်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်တွင်မွေးဖွားသော လက်သုံးဖက်ပါသည့် နှစ်လသား ကလေးငယ်ကို ရှန့်ဟိုင်းဆေးရုံ၌ မေ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘိုလီးဗီးယား စွမ်းအင်လုပ်ငန်းတွင် ဗင်နီဇွဲလားရင်းနှီးမြှုပ်နှံမည်

ရှင်နာဟော်တာ(ဘိုလီးဗီးယား) မေ ၃၀

ဆင်းရဲနွမ်းပါးသော ဘိုလီးဗီးယားနိုင်ငံ၏ စွမ်းအင် လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က သောကြာနေ့တွင် ကတိပြုလိုက် သည်။

သမ္မတ ချာဗက်ဇ်သည် ဘိုလီးဗီးယားနိုင်ငံ မြို့တော်လာပက်ဇ် အရှေ့တောင်ဘက် ကီလိုမီတာ ၆၀၀ အကွာ ရှင်နာဟော်တာမြို့တွင် ဒေသခံများနှင့် တွေ့ဆုံရာ၌ ယင်းသို့ ကတိပြုလိုက်ခြင်းဖြစ်သည်။ ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်၊ ဘိုလီးဗီးယားသမ္မတ အီဗိုမိုရာလက်စ်နှင့် ကျူးဘားဒုတိယသမ္မတ ကာလို့စ်လက်ဂ်တို့သည် ရှင်နာဟော်တာမြို့တွင် ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

ဆုံးဖြတ်

ဘိုလီးဗီးယားနိုင်ငံတွင် စွမ်းအင်လုပ်ငန်းများကို ပြည်သူပိုင် သိမ်းယူရန် သမ္မတ မိုရာလက်စ်က မေ ၁ ရက်တွင် ဆုံးဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ သမ္မတ ချာဗက်ဇ်က ချီးကျူးပြောဆိုသည်။

သဘောတူညီ

ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီသည် ဘိုလီးဗီးယားနိုင်ငံ၏ စွမ်းအင်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန် သဘောတူညီထားသည်။ ဘိုလီးဗီးယားနိုင်ငံသည် တောင်အမေရိကတိုက်တွင် အဆင်းရဲဆုံးနိုင်ငံဖြစ်သည်။

ဗင်နီဇွဲလားနှင့် ဘိုလီးဗီးယားနိုင်ငံတို့၏ စွမ်းအင်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဓာတ်ငွေ့ထုတ်လုပ်ရေး စက်ရုံနှစ်ရုံ တည်ဆောက်ခြင်းနှင့် သဘာဝဓာတ်ငွေ့သိုက်များ စူးစမ်းရှာဖွေခြင်းတို့တွင် ဗင်နီဇွဲလားနိုင်ငံက ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် လမ်းဘေးဗုံးထိမှန်ခံရသူ သတင်းထောက် ဆေးကုသမှုခံရန် ဂျာမနီသို့ ရောက်ရှိလာ

လန်ဒ်စတူးလ်(ဂျာမနီ) မေ ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် သတင်းလိုက်နေစဉ် တနင်္လာနေ့က လမ်းဘေးဗုံး ထိမှန်ခံရသည့်အတွက် ဂျာမနီနိုင်ငံသို့ ဆေးဝါးကုသမှုခံယူရန် ရောက်ရှိလာသော စီဘီအက်စ်အမျိုးသမီး သတင်းထောက် ကင်ဘာလေဒိုဇီယာ၏ အခြေအနေမှာ တည်ငြိမ်မှုရှိလာပြီဖြစ်သော်လည်း စိုးရိမ်ရဆဲ အခြေအနေတွင်ပင်ရှိနေသေးသည်ဟုအမေရိကန်စစ်ဘက်မှ တာဝန်ရှိသူက ပြောကြားသည်။ အခင်းဖြစ်ပွားစဉ်က သတင်းထောက် အမျိုးသမီး ဒိုဇီယာနှင့်အတူရှိနေသော အခြားသတင်းထောက်နှစ်ဦးမှာ သေဆုံးသွားကြပြီဖြစ်သည်။ သူမမှာ ဆေးဝါးကုသမှုခံရန်အတွက် ဂျာမနီနိုင်ငံအနောက်ပိုင်းရှိ စစ်ဆေးရုံသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု စစ်ဆေးရုံမှ ဗိုလ်မှူးကြီး ဒဗလျူဘာရိုင်ရင်ဂမ်ဘယ်လ်က ပြောကြားသည်။

သေဆုံးသွားသူ စီဘီအက်စ်သတင်းသမားနှစ်ဦးမှာ အသက် (၄၈) နှစ်ရှိ ကင်မရာသမား ပေါလ်ဒေါဂလပ်နှင့် အသက် ၄၂ နှစ်ရှိ အသံဖမ်းကျွမ်းကျင်သူ ဂျိမ်းဘရိုလန်တို့ဖြစ်သည်။

ဂျာမနီနိုင်ငံ ရမ်စတိန်းလေတပ်အခြေစိုက်စခန်းသို့ ဒိုဇီယာ မေ ၃၀ ရက်က ရောက်ရှိလာချိန်တွင် သူမမှာ မျက်လုံးပိတ်နိုင် ဖွင့်နိုင်သည့်အပြင် ခြေချောင်းများလည်း လှုပ်ရှားနိုင်နေပြီဖြစ်သည်။ သို့ရာတွင် သူမပြန်လည်နာလန်ထလာစေရန် အချိန်မည်မျှ ယူရမည်ကိုလည်းကောင်း၊ အခြေအနေမည်မျှအထိ ပြန်ကောင်းလာမည်ကိုလည်းကောင်း ခန့်မှန်းရန်စောလွန်းနေသေးသည်ဟု ဂမ်ဘယ်လ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ရူပီးငွေစက္ကူသစ်များ ပါကစ္စတန်တွင်ထုတ်ဝေ

အစ္စလမ္မာဘတ် မေ ၃၀

ပါကစ္စတန် ဗဟိုဘဏ်သည် မေ ၂၆ ရက်တွင် ရူပီး ၅၀၀၀ တန် ငွေစက္ကူနှင့် ရူပီး ၁၀ တန် ငွေစက္ကူအသစ်များကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ကြောင်း ယခုနှစ် ကုန်ထက်နောက်မကျဘဲအခြားငွေစက္ကူအသစ်များကိုလည်း ထုတ်ဝေသွားမည်ဖြစ်ကြောင်း“အရဏ်ဦး”အမည်ရှိ သတင်းစာက မေ ၂၇ရက်တွင် ရေးသားဖော်ပြသည်။

ရူပီး ၅၀၀၀ တန် ငွေစက္ကူထုတ်လုပ်မှုကြောင့် ရူပီးငွေတန်ဖိုး ကျဆင်းမှု မရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပါကစ္စတန် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဒေါက်တာ ဆမ်ဆာဒ်အက်စ်တာက ပြောကြားသည်။ မျက်မှောက်ငွေကြေးလဲလှယ်နှုန်းအရ ရူပီး ၆၀ သည် အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသည်။

ရူပီး ၅၀၀၀ တန် ထုတ်ဝေမှုကြောင့် ငွေဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းတက်မှုလည်း မရှိကြောင်း ၎င်းကပြောကြားသည်။ ငွေစက္ကူသစ် ထုတ်ဝေရန် ၂၀၀၄ ခုနှစ်တွင် ဝန်ကြီးအဖွဲ့က သဘောတူညီခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသရှိ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်ရာ ဒါးလ်ရေကန် တစ်နေရာကို မေ ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချန်ချူးမုန်တိုင်း တိုက်ခတ်မှုကြောင့် ရေလုပ်သား ၁၉ ဦးသေဆုံး ၂၅၆ ဦး ပျောက်ဆုံးနေ

ဟန်နွိုင်း မေ ၃၀

ဗီယက်နမ်နိုင်ငံတွင် ချန်ချူး တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရေလုပ်သား ၁၉ ဦးထက်မနည်း သေဆုံးပြီး ၂၅၆ ဦး ပျောက်ဆုံးလျက်ရှိကြောင်း လူငယ် အမည်ရှိ သတင်းစာက မေ ၂၉ ရက်တွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်းမြို့မှ ၇၃ ဦး၊ ကွန်နမ်ပြည်နယ်မှ ၁၅၃ ဦး၊ ကွန်နိုင်ပြည်နယ်မှ ၂၃ ဦး၊ သူသန်ဟူပြည်နယ်မှ သုံးဦး၊ ဘင်ဒင်ပြည်နယ်မှ သုံးဦးနှင့် တင်ဂန်ပြည်နယ်တောင်ပိုင်းမှ တစ်ဦးတို့ ပျောက်ဆုံးလျက်ရှိကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

ချန်ချူး မုန်တိုင်းကြောင့် နစ်မြုပ်သို့မဟုတ် ပျောက်ဆုံးသော ဗီယက်နမ်ငါးဖမ်းသင်္ဘောစုစုပေါင်း ၁၈ စင်းရှိသည်။အဆိုပါသင်္ဘောများသည် ဒါနန်းမှလာသော သင်္ဘောများဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

သတ္တုတွင်းဝန်ကြီးဌာန၏လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။ (သတ္တုတွင်း)

ဌာနအလိုက်လျာထားချက်ကျော်လွန်အောင် နည်းလမ်းရှာကြိုးပမ်း လျှပ်စစ်၊ စက်သုံးဆီများကို ထုတ်လုပ်မှုအတွက်သာသုံးစွဲ

နေပြည်တော် မေ ၃၁

သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းလျာထားချက်များပြည့်မီကျော်လွန်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၉ ရက်နှင့် ၃၀ရက်တို့တွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ သတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက ၂၀၀၆ခုနှစ် လျာထားချက်များပြည့်မီကျော်လွန်စွာ ထုတ်လုပ်မည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြကြပြီး ပထမနေ့လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရပ်နားသည်။

သတ္တုတွင်း ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို မေ ၃၀ရက်နံနက်ပိုင်းတွင် ပြန်လည်ကျင်းပရာ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက ဆက်လက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လုပ်ငန်းဌာနများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍လုပ်ငန်းဌာန တစ်ခုချင်းအလိုက် လျာထားချက်များ၏ ထုတ်လုပ်မှုအပေါ် လိုအပ်ချက်များနှင့် လျာထားချက်များ ပြည့်မီကျော်လွန်ရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများသည် ဌာနအလိုက်သတ်မှတ် လျာထားချက်ပြည့်မီကျော်လွန်အောင် မဖြစ်မနေ နည်းလမ်းရှာ ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရန်၊ လျှပ်စစ်၊ စက်သုံးဆီများကို ထုတ်လုပ်မှုအတွက်သာ သုံးစွဲရန်၊ မိမိတို့ဌာနများရှိ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားတိုးတက်ရေး အစဉ်ဂရုစိုက်ကြိုးစားဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် လက်ရှိစိုက်ပျိုးမွေးမြူထားမှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရှင်သာမဏေဓမ္မဗိမာန် တရားစခန်း

ရန်ကုန် မေ ၃၁

ရွှေတိဂုံစေတီတော်အရှေ့ဘက်အာဇာနည်လမ်း၊ ရှင်သာမဏေဓမ္မဗိမာန်၌ (ဒလ-အုံကြီး) ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီးဦးသန်းရွှေ (မဟာသဒ္ဓမ္မဇောတိကဓဇ)က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ မူလကျင့်စဉ်နှင့်အညီ အနာဂါမ်ဆရာသက်ကြီးနည်းအတိုင်းခန္ဓာဉာဏ်ရောက်ဝိပ သာနာ အလုပ်ပေးတရားစခန်းကို ဇွန် ၈ ရက်မှ ၁၄ရက်အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအတွင်း ဟောကြားပို့ချမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများ ရှင်သာမဏေဓမ္မဗိမာန် ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေး သိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀X၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ စာတည်းမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၃၃၄၀နှင့် ၃၇၃၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

အစည်းအဝေးတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၃၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇွန် ၁ ရက်မှ ၃ ရက်အထိကျင်းပမည့် ASEAN Furniture Industry Council (AFIC) Strategic Planning Workshop and 13th Working Committee Meeting သို့တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးဇော်ဝင်းတို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဥက္ကလာပစေတီတော် စိန်ဖူးတော်တင်လှူမည်

ရန်ကုန် မေ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီး၏ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းပြီးမြောက်အောင်မြင်မှု ရေစက်ချလှူဒါန်းပွဲ၊ စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကို ၁၃၆၈ခုနှစ် နယုန်လဆန်း ၇ ရက်၊ ၂-၆-၂၀၀၆(သောကြာနေ့) နံနက် ၇ နာရီတွင် မဟာမုနိဓမ္မာရုံကြီးနှင့် စေတီတော်ရင်ပြင်မင်္ဂလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်၍ ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။ (၆၄)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ၂၀၀၆ခုနှစ် မေ ၃၀ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်သော စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးအဖွဲ့သစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်ဆက်လက်ထမ်းဆောင်သူ မစ္စတာ ဂျော့ယောင်ဘွန်ယိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၀၅)ဖြန့်ချိရောင်းချ

ရန်ကုန် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၀၅)ကို ယနေ့ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၀၅)ကို မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့နှင့် မြန်မာ့စွယ်စုံကျမ်းပြုစုရေးအဖွဲ့က ပြုစုထုတ်ဝေခြင်းဖြစ်သည်။ ယခုထုတ်ဝေလိုက်သော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၀၅)တွင် အပိုင်းသုံးပိုင်းခွဲခြားတင်ပြထားရာ ပထမပိုင်းတွင် ၂၀၀၄ခုနှစ်အတွင်း တစ်နှစ်တာဖြစ်ရပ်များကို ဖော်ပြထားပြီး ဒုတိယပိုင်းတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၊ လူတိုင်းအတွက် ပညာရေး၊ ဈေးကွက်စီးပွားရေးစနစ်ဖွံ့ဖြိုးစေမည့် ကုန်စည်ပြပွဲများ၊ ကနောင်မင်းသားကြီး ဦးစီးတည်ဆောက်ခဲ့သော ရတနာပုံသဘော်ကျင်း၊ မြန်မာစာပေတွင် ဇာတက၏ အခန်းကဏ္ဍ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဆူနာမီရေလှိုင်းကြီးများ စသည့် နှစ်ချုပ် ဆောင်းပါးခုနစ်ပုဒ်ပါရှိသည်။

တတိယပိုင်းတွင် ၂၀၀၄ခုနှစ် အကြောင်းရပ်နှင့် အက္ခရာစဉ်အညွှန်းပါရှိသည်။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၀၅)ကို စက္ကူဖြူချောဖြင့် ပုံနှိပ်ထားပြီး ကြွေစက္ကူရောင်စုံရုပ်ပုံ၊ အဖြူအမည်းပုံ ၁၅၀ ကျော်နှင့် စာမျက်နှာပေါင်း ၃၀၀ကျော်ပါရှိသည်။

အဆိုပါ စာအုပ်ကို ရန်ကုန်မြို့ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန်စာအုပ်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်		ပန်းငရုတ်ပွပုစွန်အစာသွတ်)
၇:၀၅	ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည်ဆင်းရွှေလီ (အပိုင်း-၃)	၉:၃၀	တေးဂီတအစီအစဉ်
၇:၁၅	တေးဂီတအစီအစဉ်	၉:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၂၀	တတိယအကြိမ် ဘော်လီဘောမိသားစုလူမှုရေးအသင်း၏ သက်ကြီးပူဇော်ပွဲအခမ်းအနား	၉:၄၀	စောင့်ရှောက်ခြင်းသည် တို့တာဝန်၊စောင့်ရှောက်ခြင်းသည် မျှဝေမှု
၇:၅၀	တေးဂီတအစီအစဉ်	၁၀:၀၀	တေးဂီတအစီအစဉ်
၇:၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ	၁၀:၀၅	အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ အပိုင်း(၂)
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း	၁၀:၂၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	ဇော်ပိုင်နှင့်သူ၏ အနုပညာခရီးလမ်း	၁၀:၃၀	အာဟာရနှင့်ကျန်းမာရေး (ကျောက်ဘီလူးတင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၈:၅၀	မိုးလေဝသခန့်မှန်းချက်	၁၀:၅၅	တေးဂီတအစီအစဉ်
၈:၅၅	နှလုံးသွေးကြောကျဉ်းရောဂါဟောပြောချက် (အပိုင်း-၂)	၁၁:၀၀	ဆန်းသစ်လှပမြန်မာ့ကြေးဒေါင်းရွှေအလှ
၉:၁၅	တေးဂီတအစီအစဉ်	၁၁:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	မြေအိုးထမင်းနှင့် အခြားအရံဟင်းများ အပိုင်း(၁) (မြေအိုးထမင်း၊ရဲယိုရွက်ငါးခူအကျွတ်ကြော်၊	၁၁:၁၅	စံပြမူကြိုသင်ယူလေ့ကျင့်မှုအစီအစဉ်
		၁၁:၂၅	တေးဂီတအစီအစဉ်
		၁၁:၃၀	ဖွားချို (စံရှားတင်၊ဝါးခယ်မရဲမောင်)
		၁၁:၅၀	Say It in English(2)
		၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ပို့ဆောင်ရေးကဏ္ဍရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်

ရန်ကုန် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၅ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒေသဆိုင်ရာတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ပို့ဆောင်ရေးကဏ္ဍ၏ လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရေး၊ လျာထားချက်ဝင်ငွေ ပြည့်မီရာဖွေနိုင်ရေးနှင့် ရငွေ၊ သုံးစွဲငွေ စိစစ်သုံးစွဲရေး၊ မိမိတို့ဝန်ကြီးဌာနက ပေးအပ်သော တာဝန်ဝတ္တရားများကို မပျက်မကွက်အောင်မြင်အောင် ကြိုးစား ဆောင်ရွက်ကြရေးနှင့် ဒေသတွင်းအဖွဲ့အစည်းများ၏ သဘောတူဆောင်ရွက်ချက်များကို ဌာနများက ပီပြင်စွာ လိုက်နာ အကောင်အထည်ဖော်ရေး တို့ကို အကျယ်တဝင့်ပြောကြားသည်။

ဆက်လက်၍ ဒေသဆိုင်ရာ တာဝန်ခံများက မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းများ တိုးတက်မှုအခြေအနေ၊ စီမံကိန်းလုပ်ငန်းကြီးများ ပြီးစီးမှုအခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်တင်ပြကြပြီး ဝန်ကြီးက ပို့ဆောင်ခြင်းဖြင့် စီးပွားမြင့်အံ့ ဆိုသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ အကျိုးစီးပွားကို ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ အကျိုးကို တိုးတက်ဖြစ်ထွန်းအောင် အမြဲနှလုံးသွင်းပြီး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ကြရေး ပြောကြားသည်။

(သတင်းစဉ်)

ပို့ဆောင်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ လှူဒါန်းနိုင်

နေပြည်တော် မေ ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုလျှင် နှစ်လက်မ စက်ရေတွင်း၌ အနက်ပေ ၂၀၀တစ်တွင်းကို စက်ပစ္စည်းစုံဖြင့်ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ ၄၀၀တစ်တွင်းကို စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက် ပေ ၂၀၀တစ်တွင်းကို စက်ပစ္စည်းစုံဖြင့် ငွေကျပ် ၅၀၀၀၀၀ဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် ရေအကျိုး ၁၀ပါးကို ဆုမတောင်းဘဲရရှိနိုင်သည်ဖြစ်ရာ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၃၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၃၉၂၇၁၇၊ ၀၆၇-၄၀၈၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၈၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄ နှင့် ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

တတိယအကြိမ် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၂၀၀၆) ပြည်တွင်းအဆင့်နောက်ဆုံးအဆင့်ပြိုင်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (အေ)ခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ကော်မတီဝင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့အထက(၁) စိန်ရတုခန်းမဆောင်၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးစောဂျယ်နီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အတွင်းရှိ ကျောင်းများမှ ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ ကျောင်းသား မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ပညာရေးမှူး ဦးစောဂျယ်နီက ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေး၊ မြို့နယ် ဗဟိုဦးစီးကော်မတီဝင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးစိုးမြင့်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်အသီးသီးတို့က မြို့နယ်လုံးကျွတ်ကျောင်းအပ်နိုင်ရေးအတွက် အလှူငွေ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (မြို့နယ်ပြန်/ဆက်)

တတိယအကြိမ် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြည်တွင်းအဆင့်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် မေ ၃၁

တတိယအကြိမ် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၂၀၀၆) ပြည်တွင်းအဆင့်ပြိုင်ပွဲကို အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၂၀၀၆) ကျင်းပရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကျင်းပရေးကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ရာ ပြည်နယ်၊ တိုင်းအသီးသီးမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၆ဦးအား မေ ၂၉ရက်တွင် ရေးဖြေစာမေးပွဲကျင်းပ၍ မေ ၃၀ရက်တွင် နှုတ်ဖြေစာမေးပွဲကျင်းပပြီး အဆင့်ဆင့်စိစစ်၍ ပဏာမ ၁၀ဦးကို ရွေးချယ်ခဲ့သည်။

အဆိုပါ ပဏာမရွေးချယ်ခံရသူ ၁၀ဦးအား ယနေ့တွင် မြန်မာအသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ နောက်ဆုံးအဆင့်ပြိုင်ပွဲ ကျင်းပခဲ့ရာ ပထမဆုကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြည် အထက(၁)မှ မောင်အုပ်စိုးက လည်းကောင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်း အထက(၂) ကမာရွတ်မှ မောင်ရဲထွန်းစိုးက လည်းကောင်း၊ တတိယဆုကို ရန်ကုန်တိုင်း အထက(၁)ဒဂုံမှ မမြသီတာဝင်းက လည်းကောင်း၊ နှစ်သိမ့်ဆုကို ရန်ကုန်တိုင်း အထက(လှေ့ကျင့်ရေး) ကမာရွတ်မှ မောင်နေမျိုးဟန်က လည်းကောင်း အသီးသီးရရှိကြရာ ဆုများကို အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကိုယ်စား ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ချီးမြှင့်သည်။

အဆိုပါဆုရသူ သုံးဦးသည် အာဆီယံဉာဏ်စမ်းပဟေဠိ Regional Levelပြိုင်ပွဲ ကျင်းပမည့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ စက်တင်ဘာလတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (သတင်းစဉ်)

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင်ရုံးဝင်းအတွင်း ဝန်ထမ်းများ မေ ၂၈ရက်က ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေကြစဉ်။ (မြို့နယ်စည်ပင်)

အာဆီယံ ကြိမ်လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်မှုတိုးတက်ရေး စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

အာဆီယံနိုင်ငံများ၏ ကြိမ်လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ စိတ်ဝင်စားသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါး မွေးမြူရေးအထူးဇုန်(၂) ရှင်းလင်းဆောင်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အဆိုပါ ကြက်မွေးမြူရေးခြံ၌ ဥစားကြက် တစ်သောင်းခွဲကို မွေးမြူထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၂)ရှိ ဦးအောင်ထွန်းသန့်၏ စိုက်ပျိုးရေးခြံသို့ရောက်ရှိကြ၍ ခြံအတွင်း ဖြစ်ထွန်းလျက်ရှိသည့် ပဲတောင့်ရှည်ပင်နှင့် ရုံးပတီပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အထူးဇုန်(၂)သို့ ရောက်ရှိကြ၍ ဦးမင်းချို၏ခြံ၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါခြံ၌ ခြံစည်းရိုးကြက်ဆူ အစေ့ပျိုးပင် တစ်သိန်းခွဲနှင့် ကိုင်းပျိုးပင် တစ်သိန်းခွဲ စုစုပေါင်း ခြံစည်းရိုးကြက်ဆူပျိုးပင်သုံးသိန်းကို ပျိုးထောင်ထားကြောင်း သိရှိရသည်။

ကြက်/ငါးမွေးမြူရေး အထူးဇုန်(၂)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန်(၂) ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဇုန်(၂) တာဝန်ခံ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်၊ ဇုန်(၃) တာဝန်ခံ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးကြင်ထွန်းနှင့် ဇုန်(၁) တာဝန်ခံကိုယ်စား တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးဝင်းမြင့်တို့က မိမိတို့ဇုန်အလိုက် ဟင်းသီးဟင်းရွက်နှင့် သားငါးစိုက်ပျိုးမွေးမြူထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အထူးဇုန်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက ဆက်သွယ်ရေးအတွက် လမ်းများဖောက်လုပ်ပြီးစီးမှု၊ အထူးဇုန်နယ်နိမိတ် လမ်းဖော်ထုတ်ပြီးစီးမှု၊ မှော်ဘီမြို့မှ အထူးဇုန်သို့ ဝင်ရောက်ရန်အတွက် ကားလမ်းဖောက်လုပ်နေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဖြတ်လမ်းများ ဖောက်လုပ်ရန် စီစဉ်နေမှု၊ အထူးဇုန်၌ ခြံစည်းရိုး ကြက်ဆူပင် ဧက ၄၀၀ စိုက်ပျိုးပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာနမှူး ဦးကျော်သိန်းက အထူးဇုန်တွင် ရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ အထူးဇုန်တွင်ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် မြောင်းများ တူးဖော်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိုက်ပျိုးမြေ ငါးဧက၌ တစ်ဧကကို ခြံစည်းရိုးကြက်ဆူပင်နှင့် တစ်ဧကကို ကန်စွန်းဥစိုက်ပျိုးပြီး ကျန်သုံးဧက၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်၊ ခန့်မှန်းငါးဧကစိုက်ပျိုးလျှင် မြေနှစ်ဧက၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီး ကျန်သုံးဧက၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်၊ ခြံစည်းရိုးကြက်ဆူပင်ကို ခြံပတ်လည်၌ ခြံစည်းရိုးသဘော စိုက်ပျိုးသွားရန်၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေနစ်မြုပ်မှုမှ ကာကွယ်ရန် ခြံပိုင်ရှင်များအနေဖြင့် မိမိတို့ခြံရှေ့ရှိ ရေမြောင်းများကို ပိတ်ဆို့မှုမဖြစ်အောင် ရှင်းလင်းရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့နေ ပြည်သူများစားသုံးရန်အတွက် လိုအပ်သည့်ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးများကို လွယ်ကူစွာစားသုံးနိုင်ရေးအတွက် အထူးဇုန်များကို ထူထောင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူသူများအား လုပ်ငန်းများအောင်မြင်ချောမောစေရန် ဌာနဆိုင်ရာများက အားပေးကူညီသွားရမည်ဖြစ်ကြောင်း၊ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ ဆောင်ရွက်ရန်အတွက် ကောင်းမွန်သည့် မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်၍ အနာဂတ်ကာလတွင် ရှားပါးလာသည့် လောင်စာဆီပြဿနာကိုဖြေရှင်းနိုင်ရန်ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအထူးဇုန်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမပျောက်ပျက်အောင်ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရာတွင် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို မထိခိုက်စေဘဲ ခြံစည်းရိုးပတ်လည်၌ အဓိကထားစိုက်ပျိုးသွားရန် ဖြစ်ကြောင်း။ ကမ္ဘာပေါ်ရှိ နိုင်ငံအချို့၌ သစ်သီးဝလံစိုက်ပျိုး၍ စီးပွားဖြစ်ထွန်းလျက်ရှိသည့်နည်းတူ မိမိတို့နိုင်ငံ၌လည်း စိုက်ပျိုးရန်မြေများ များစွာရှိနေပြီးဖြစ်ရာ သဘာဝတွင်းထွက် သယံဇာတများကိုချည်း အားကိုးမနေဘဲ စိုက်ပျိုးမွေးမြူရေးကို နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အထူးဇုန်(၂)ရှိ ရှုရပ်မျှော်စင်မှ အထူးဇုန်(၂)၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အထူးဇုန်များ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြစ်ထွန်းမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အထူးဇုန်(၃) ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရှုရပ်မျှော်စင်မှ အထူးဇုန်(၃)၌ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ဆိုက်ကပ်

စားအုန်းဆီတန်ချိန် ၂၇၀၀ပါ MT Smooth Sea-4 သင်္ဘော ရန်ကုန်မြို့အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာစဉ်။ (သတင်းစဉ်)

တန်ချိန် ၂၇၀၀ပါ စားအုန်းဆီ သင်္ဘောရောက်ရှိ

ရန်ကုန် မေ ၃၁

နိုင်ငံတော် အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့နံနက် ၁၀နာရီတွင် စားအုန်းဆီတန်ချိန် ၂၇၀၀ပါ MT-Smooth Sea-4 သင်္ဘောသည် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

အလားတူ ဇွန် ၂ရက်တွင် စားအုန်းဆီတန်ချိန် ၂၈၀၀ပါ သင်္ဘောတစ်စင်းနှင့် ဇွန် ၆ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၀၀ပါ သင်္ဘောတစ်စင်း ထပ်မံဆိုက်ကပ်လာမည်ဖြစ်သည်။ (သတင်းစဉ်)

လုံဟောကျေးရွာ စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ရန်ကုန် မေ ၃၁

မကွေးတိုင်း ဂန့်ဂေါမြို့နယ် လုံဟောကျေးရွာ ကိုယ့်အားကိုယ်ကိုး မိုးသောက်ပန်း စာကြည့်တိုက်သို့ စာအုပ်များနှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲကို မေ ၂၀ရက်တွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ မစိုးရိမ်ကျောင်းတိုက်မှ ဘဒ္ဒန္တပညာသေဌက စာအုပ်မျိုးစုံ အုပ်ရေ ၃၅၀ကိုလည်းကောင်း၊ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာအုပ်မျိုးစုံအုပ် ၆၀ကိုလည်းကောင်း မိုးသောက်ပန်း စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်ဝင်းထံသို့ ပေးအပ်သည်။

ထို့နောက် ကျေးရွာနေ ပြည်သူများက စုပေါင်းထည့်ဝင် လှူဒါန်းသည့် စာကြည့်တိုက်ငွေ ပဒေသာပင်အတွက် ငွေကျပ်တစ်သောင်းခွဲကို စာကြည့်တိုက်မှူးဦးတျာစန်းထံပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေလေးမြို့နယ် အထက(၃)တွင်ပြုလုပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင် ရှင်းလင်းပြောကြားစဉ်။ (၀၈)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

▲ ကမ္ဘာပေါ်ရှိဒီရောက်သစ်တောမှ

လိုက်နာရန် ပျက်ကွက်ခဲ့ကြသည်ဟု ၂၀၀၅ ခုနှစ် ကမ္ဘာ့အပူပိုင်း သစ်တောများ လေ့လာချက်ဟူသော စာတမ်းတွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနှင့် ဖိလစ်ပိုင်ကဲ့သို့သော နိုင်ငံများတွင် သဘာဝသစ်တောဟူ၍ မကျန်လောက်ပင်ဖြစ်သည်ဟု ဆိုထားသည်။ လိုက်ဘေးရီးယားနှင့် ကွန်ဂိုကဲ့သို့သော နိုင်ငံများတွင် ပြည်တွင်းစစ်များ ဖြစ်ပွားနေသည့်အတွက် သစ်တောထိန်းသိမ်းရေးမှာ မဆောင်ရွက်နိုင်ဘဲရှိသည်။

သက်ဆိုင်ရာ နိုင်ငံအစိုးရများသည် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများတွင် သစ်တော ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကောင်းစွာထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ကတိစကားဆိုခဲ့ကြသော်လည်း လက်တွေ့တွင် ထိုစကားကို အကောင်အထည်ပေါ်အောင် လုပ်ဆောင်နိုင်မှုအပိုင်းတွင် အားနည်းတတ်ကြသည်ဟု ရေးသားထားသည်။

အခြေအနေအားလုံးမှာ ဆိုးရွားနေသည်ချည်းမဟုတ်ပေ။ ဘိုလီးဗီးယား၊ ဂါနာနှင့် ဘရာဇီးကဲ့သို့သော နိုင်ငံများတွင် အခြေအနေကောင်းများ တွေ့ရသည်။ သစ်တောမပြုန်းတီးရအောင် ကောင်းစွာစီမံထားနိုင်သော စနစ်မျိုးဖြင့် သစ်ခုတ်လှဲနိုင်သည့် အပြုသဘောဆောင်သော လက္ခဏာများကို တွေ့မြင်ရကြောင်း ဖော်ပြထားသည်။

ထိုအစီရင်ခံစာကို ဒူကန်ပိုးနှင့် အယ်လက်စတီယာဆာရီတို့က ပူးတွဲပြုစုထားခြင်းဖြစ်သည်။ သစ်တောထိန်းသိမ်းရေးတွင် အချို့သောနိုင်ငံများသည် ကောင်းမွန်သော နည်းစနစ်များကို အစပျိုး လုပ်ကိုင်နိုင်သည်ကို တွေ့ရသည်။ ထိုနမူနာများကို မည်မျှပွားများအောင် လုပ်ဆောင်နိုင်မည်ဟူသောအချက်မှာ အရေးကြီးလှသည်ဟု တင်ပြထားသည်။

၁၉၈၈ ခုနှစ်အချိန်က ကောင်းစွာထိန်းသိမ်းထားနိုင်သော မုတ်သုံသစ်တော ဧရိယာမှာ ဟက်တာ တစ်သန်းပင် မပြည့်သော်လည်း ယခုအခါ ထိုသစ်တော အကျယ်အဝန်းသည် ဧက ၃၆ သန်းအထိ တိုးလာပြီဖြစ်သည်ဟု ရေးသားထားသည်။ **အင်တာနက်။**

❖ ကျောဖုံးမှ

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆု ပထမရရှိသော ဒဂုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်ဌေးဌေးဝင်း၊ ဒုတိယရရှိသော သန်လျင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်သန္တာထွန်းနှင့် တတိယရရှိသော အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ နော်မွီးမွီးဆဲတို့အားလည်းကောင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ဉာဏ်စွမ်းရည်ပြိုင်ပွဲတွင် ပထမရရှိသော ကျောက်တံတားမြို့နယ်မှ ညီညီနိုင်၊ ဒုတိယရရှိသော လှိုင်မြို့နယ်မှ မိုးပပကြည်နှင့် တတိယရရှိသော သင်္ဃန်းကျွန်းမြို့နယ်မှ မောင်ဝင်းထိုက်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ဖတ်ကြားတင်ပြသည်။

ယင်းနောက်ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့စီမံချက်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက်ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအတွက် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမရရှိသော ကြည့်မြင်တိုင်မြို့မှ မဇင်ဇာမောင်၊ ဒုတိယရရှိသော ဗဟန်းမြို့နယ်မှ ဒေါ်နီလာမြင့်နှင့် တတိယရရှိသော အင်းစိန်မြို့နယ်မှ ဒေါ်သဇင်မြိုင်တို့အားလည်းကောင်း၊ ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ် တစ်ခန်းရပ် ပြဇာတ်ပြိုင်ပွဲတွင် ပထမရရှိသော ဗိုလ်တထောင်မြို့နယ်၊ ဒုတိယရရှိသော ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် တတိယရရှိသော သင်္ဃန်းကျွန်းမြို့နယ်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဆေးလိပ်ကင်းဝေးရေး စီမံချက်မန်နေဂျာ ဒေါက်တာညိုညိုကြိုင်က ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများထိန်းချုပ်ရေး စီမံချက်လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများအား ပညာပေးအစီအစဉ် ဇာတ်လမ်းကိုပြသပြီး ဆေးလိပ်သောက်သုံးမှုကင်းဝေးရေး သရုပ်ဖော် တစ်ခန်းရပ်ပြဇာတ်ဖြင့် တင်ဆက်ဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံနှင့် ပန်းချီကားများကို လိုက်လံကြည့်ရှုကြသည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းများနှင့် ပညာပေး ဆောင်ရွက်မှုကဏ္ဍများပြခန်းတွင် ဧည့်သည်တော်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

● NLD မှ

စီးပွားကို ထိရောက်စွာသယ်ပိုးနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ပါတီဝင်များ အဖြစ် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပါတီဝင်အဖြစ် တာဝန်ယူစဉ်ကာလအတွင်း၌လည်း ပါတီ၏ တာဝန်များကို ရိုးသားသန့်ရှင်းစွာဆောင်ရွက်ခဲ့ကြောင်း။

ဆန္ဒအလျောက်နုတ်ထွက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီသည် ထိပ်တိုက်ရင်ဆိုင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးကို ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုသည့် မှားယွင်းသည့်မူဝါဒများနှင့် မှားယွင်းသည့် လုပ်ဆောင်ချက်များကို တစိုက်မတ်မတ် လုပ်ဆောင်နေခြင်း၊ NLD ပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်များသည် ပြည်သူလူထုအပေါ် လျစ်လျူရှု၍ အမျိုးသားညီလာခံမှ ၎င်းတို့လူတစ်စု၏ သဘောဆန္ဒအလျောက် ထွက်ခွာခဲ့ခြင်းတို့ကြောင့် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ကုန်လာသဖြင့် NLD ပါတီဝင်အဖြစ် လုံးဝဆက်လက် ရပ်တည်လိုစိတ်မရှိသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်အဖြစ်မှလည်းကောင်း၊ NLD ပါတီ၏ တာဝန်များမှလည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖော်ပြထားသည်။

(သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

ရန်ကုန် မေ ၃၁

၂၀၀၆ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးကိုကို၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ထွေးထွေးညွန့်၊ ဒေါ်နီလာသော်နှင့် ဒေါ်တင်တင်မြ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယတိုင်းကျန်းမာရေး ဌာနမှူးများ၊ ဆရာဝန်ကြီးများ၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးများ၊ သူနာပြုများ၊ ပညာပေးအစီအစဉ်တွင် ပါဝင်သော အနုပညာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများသို့ပေးပို့သည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေ ကိုယ်စားလှယ် Professor Adik Wibowo က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေး ပညာဌာနနှင့် ဆေးလိပ်ကင်းဝေးရေး စီမံချက်တို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေး ပညာပေးအစီအစဉ် **“ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊ အသက်အန္တရာယ်သတိထား၊ တွန်းလှန်နိုင်ဖို့ဒို့ကြိုးစား”** ဆောင်ပုဒ်အရ ရိုက်ကူးထားသည့် မှတ်တမ်းတင်ဗီဒီယိုကို ပရိသတ်များအား တင်ဆက်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမဆောင်၌ ပြသထားသော ၂၀၀၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုမှတ်တမ်းများနှင့် ပညာပေးဆောင်ရွက်မှု ကဏ္ဍများ ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ **“ဆေးလိပ်ဆေးရွက် ဆွဲဆောင်အား၊အသက်အန္တရာယ်သတိထား၊ တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား”** Tobacco;Deadly in any form or Disguise ဖြစ်သည်။ (သတင်းစဉ်)

ငါးရစ်၊ ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမတုံး

မီးသုံးစွဲလျှင် အသိယှဉ်
ဆင်ခြင်သတိ အမြဲရှိ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာစေဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အရေးပြိုင်ပွဲ
၈း၀၅ ၇။ အကပဒေသာ
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ စွန်ချောင်းရေလှောင်တမံ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅း၀၅ ၆။ အဆိုပြိုင်ပွဲ
၅း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၂၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၃၀ ၉။ **“အလံလေးတော့ကိုင်ပြပါ” (ဖွဲ့နိုင်ဝင်း၊ဇော၊ပေါ်လေး၊ ချစ်စရာ၊ရတနာခင်) [ဒါရိုက်တာ-မင်းအုပ်စိုး]**
၅း၃၅ ၁၀။ တေးဂီတအစီအစဉ်
၅း၄၅ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ ခြစ်စည်းရိုးကြက်ဆူပင်သုတေသနစံပြဧက(၁၀၀)စိုက်ခင်း
၆း၅၀ ၁၅။ ရုပ်ရှာပညာပဒေသာဖွင့်ပါ မနေး ကျေးလက်ဖွံ့ဖြိုးရေး(အပိုင်း-၁)
၇း၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဖန်ပန်းလှလှ” (အပိုင်း-၁၃)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရှေ့နေ” (အပိုင်း-၁၀)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီး ဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြောကြားစဉ်။

(လူမှုဝန်ထမ်း)

လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက် အပြုအမူများရှောင်ရှား ပြည်သူ့အကျိုးသယ်ပိုးသော ဝန်ထမ်းကောင်းများအဖြစ်ခံယူ

နေပြည်တော် မေ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ယင်း ဝန်ကြီးဌာနနှစ်ခုမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် အဆိုပါဝန်ကြီးဌာနနှစ်ခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းရပ်များကို လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသည်များအား ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်နေရာချထားမှုဆိုင်ရာ လုပ်ငန်းရပ်များကို လည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက မီးသတ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်နှင့် ပြည်သူ့အင်အားဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသွင်တို့က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဝန်ထမ်းများအား မှာကြားရာတွင် လက်ရှိနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းရှိသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ တာဝန်သိသိ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများကိုလည်းကောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သောအားဖြင့် အဂတိတရား လေးပါးကင်းရှင်း၍ လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက်အပြုအမူကိစ္စများကို ရှောင်ရှားကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်သော ဝန်ထမ်းကောင်းများ အဖြစ်ခံယူ၍ သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် ဖြစ်စေရန်နှင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် (၁၀၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်ကာ ရပ်ကွက်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို မေ ၂၈ ရက်တွင် ကျင်းပသည်။ **(အောက်ပုံ)**

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲတွင် (၁၀၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်ပေါင်း ၁၂၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ (က–ပ)

အခြေခံဝန်ထမ်းလောင်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

အခြေခံဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။ အခြေခံဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၉)သို့သင်တန်းသား၅၅ဦး၊ သင်တန်းသူ၈၇ဦး စုစုပေါင်း၁၄၂ ဦး တက်ရောက်ကြပြီးသင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အင်တာနက်သတင်း

သာလီဒိုမိုက်ဆေး ရိုးတွင်းခြင်ဆီကင်ဆာကုသရန်ခွင့်ပြု

ဝါရှင်တန် မေ ၃၁

ရိုးတွင်းခြင်ဆီ ကင်ဆာရောဂါကိုကုသရာတွင် သာလီဒိုမိုက် (Thalidomide) ဆေးဝါးကို အသုံးပြုနိုင်ကြောင်းခွင့်ပြုချက်ကို အမေရိကန် အစားအစာနှင့်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(အက်ဖ်ဒီအေ)က မေ ၂၅ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

ရိုးတွင်းခြင်ဆီရောဂါကို ကုသရာ၌ ဆေးဝါးကုထုံးအဖြစ် အသုံးပြုနေသော ဒက်ဆာမက်သာဇုန်း (dexamethasone) ဆေးနှင့်အတူသာလီဒိုမိုက်ဆေးကို တွဲဖက်သုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။

သာလီဒိုမိုက်ဆေးကို ဆဲလ်ဂျင်းကော်ပိုရေးရှင်းဆေးဝါးထုတ်လုပ်ရေးက ထုတ်လုပ်ခြင်းဖြစ်သည်။ ယင်းဆေးကိုဈေးကွက်တင်ရာ၌ သာလိုမစ်ဒ် (Thalomid) ဟူသောအမည်ကိုသုံးစွဲ၍ ဈေးကွက်တင်မည်ဖြစ်သည်။ မကြာမီကပြုလုပ်ခဲ့သော လေ့လာချက်များအရ သာလီဒိုမိုက်ဆေးသည်ရိုးတွင်းခြင်ဆီကင်ဆာကိုကုသရာ၌ ထိရောက်မှုရှိသည်ကိုတွေ့ရှိခဲ့ရသည်။

ထိုသာလီဒိုမိုက်ဆေးမှာ ၁၉၆၅ခုနှစ်က ဈေးကွက်တွင်ရောင်းချခြင်းမပြုရန် ပိတ်ပင်ခြင်းခံခဲ့ရသည်။ ထိုအချိန်က ယင်းဆေးဝါးသောက်သုံးသူကိုယ်ဝန်သည် အမျိုးသမီးများတွင် ကိုယ်လက်အင်္ဂါချို့ယွင်းသောကလေးများမွေးဖွားလာခဲ့သဖြင့် အဆိုပါဆေးကို ပိတ်ပင်ခဲ့ရခြင်းဖြစ်သည်။ သို့ရာတွင် ၁၉၉၈ခုနှစ်တွင် ယင်းဆေးကို နူနာရောဂါကိုကုသရာ၌ သုံးစွဲနိုင်ကြောင်း အက်ဖ်ဒီအေအဖွဲ့က ခွင့်ပြုခဲ့သည်။

ယခုအခါသာလီဒိုမိုက်ဆေးကို ဈေးကွက်တင်ရန်ခွင့်ပြုပေးထားပြီ ဖြစ်သော်လည်း ယင်းဆေးသောက်သုံးလျှင် ဖြစ်နိုင်သောဘေးထွက်ဆိုးကျိုးများကိုဆေးဘူးခွံပေါ်တွင် သိသာစွာဖော်ပြရန်နှင့် တင်းကျပ်သောထိန်းချုပ်မှုများအောက်တွင်သာ ရောင်းချရန်ကန့်သတ်ထားသည်။

အင်တာနက်။

မိခင်က သာလီဒိုမိုက်ဆေးသောက်မိသောကြောင့် ကိုယ်လက်အင်္ဂါချို့တဲ့စွာမွေးဖွားလာသော ကလေးငယ်တစ်ဦး။

ကားနံပါတ်ခိုးယူခြင်းမပြုနိုင်ရန် အထူးစီမံထားသော နံပါတ်ပြားသစ်တစ်မျိုးကိုတွေ့ရစဉ်။

ကားနံပါတ်ပြားအတုသုံးသူများရန်မှကာကွယ်ရန် ဗြိတိန်တွင် ကားနံပါတ်ပြားအသစ် သုံးစွဲမည်

လန်ဒန် မေ ၃၁

ပြစ်မှုကျူးလွန်သူများသည် ခိုးယူထားသောကားများကို ကားနံပါတ်လဲပြီးအခြားပြစ်မှု အမျိုးမျိုးဆက်လက်ကျူးလွန်တတ်ကြသဖြင့် ထိုအဖြစ်များကို တားဆီးရန်ခိုးယူအသုံးပြု၍မရသောကားနံပါတ်ပြားအသစ်တစ်မျိုးကိုအသုံးပြုရန် ဗြိတိန်တွင် တီထွင်လိုက်ကြောင်းသိရသည်။

အသစ်တီထွင်ထားသောကားနံပါတ်ပြားသည် ဖြုတ်ယူလိုက်သောအခါ အစိတ်စိတ်အမွှာမွှာ ကြေကျသွားပြီး သုံးမရဘဲဖြစ်သွားသည်။ ထိုအခါ ခိုးယူထားသော နံပါတ်ပြားကိုသုံး၍ ပြစ်မှုကျူးလွန်နိုင်ခြင်း မရှိတော့သည့် အခြေအနေသို့ ရောက်သွားနိုင်ကြောင်း ဗြိတိန် ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးက ပြောကြားသည်။

ကျူးလွန်

ကားသူခိုးများသည် ကားကိုခိုးယူကာနံပါတ်ပြောင်းတပ်ဆင်ပြီး မသိသူများကို တစ်ဆင့်ပြန်ရောင်းချခြင်း၊ ခိုးယူထားသောကားဖြင့် ပြစ်မှုကျူးလွန်ခြင်း၊ ကားနံပါတ်ပြောင်း၍ အခွန်ရှောင်ခြင်း စသည့် ပြစ်မှုအမျိုးမျိုး ကျူးလွန်လျက်ရှိကြသည်ဟုဆိုသည်။

ရောင်းချမည်

ထိုနံပါတ်ပြားအသစ်မှာ တစ်ခုလျှင် ပေါင်ငွေ ၂၀မျှသာကုန်ကျမည်ဖြစ်ပြီး ယင်းနံပါတ်ပြားများကို လာမည့် ဆောင်းဦးရာသီတွင် စတင်ရောင်းချပေးနိုင်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် ကားနံပါတ်ပြား ခိုးယူအသုံးပြုမှုများ တိုးလာလျက်ရှိသည်။တစ်နှစ်လျှင်ထိုအမှုမျိုး ၃၃၀၀၀ ကျော်အထိရှိကြောင်း ရဲမှတ်တမ်းများကဖော်ပြသည်။

ယခုအခါ အထက်ဖော်ပြပါအမှုနှင့် အခြားယာဉ်ပြစ်မှုများ တားဆီးရန် အမြန်နှုန်း မှတ်တမ်းတင်ကင်မရာများ၊ ကားနံပါတ်ပြားဖတ်သည့် ကင်မရာများ စသည့်ကိရိယာများကို ဗြိတိန်ရဲများက အသုံးပြုလျက်ရှိကြောင်း သိရသည်။ အင်တာနက်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အဘောီစီ ကွန်ကရစ် ကတ္တရာဖျော်စက်ရုံဝင်းအတွင်း ကွန်ကရစ် ကတ္တရာများပြုလုပ်ရန် အသင့်ထားရှိသည့် ကတ္တရာပုံးများ ထားသိုမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကွန်ကရစ် ကတ္တရာဖျော်စက်များ စစ်ဆေး

ရန်ကုန် မေ ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ် အဘောီစီ ကွန်ကရစ် ကတ္တရာဖျော်စက်နှင့် ဒေါပုံမြို့နယ် ကွန်ကရစ် ကတ္တရာဖျော်စက်များသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်ချက်များအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းပြသ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် နံနက် ၆နာရီခွဲတွင် မြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မြို့နယ် အဘောီစီ ကွန်ကရစ် ကတ္တရာဖျော်စက်သို့ ရောက်ရှိလာရာ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေး နှင့် တာဝန်ရှိသူများက ရန်ကုန်မြို့တော် အတွင်း လမ်းများအဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိရာ၊ လိုအပ်သည့် ကွန်ကရစ် ကတ္တရာများကို လောင်စာဆီ အစားထိုး သဘာဝဓာတ်ငွေ့ အသုံးပြုပြီး နေ့စဉ်ထုတ်လုပ်နေမှု၊ အသုံးပြုသည့် ကတ္တရာ၊ လိပ်သဲကျောက်နှင့် သဲများ စုဆောင်းထားရှိမှုများကို လိုက်လံ ရှင်းလင်းပြသသည်။

ဆက်လက်၍ မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းနှင့် ဧရာဝဏ်လမ်းဆုံ အနီးရှိ သဘာဝဓာတ်ငွေ့သုံး ကွန်ကရစ် ကတ္တရာဖျော်စက်သို့ သွားရောက်၍ ကွန်ကရစ် ကတ္တရာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ယခု ထုတ်လုပ်လျက်ရှိသော ကွန်ကရစ် ကတ္တရာများကို စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်သွားရန်နှင့် နေ့စဉ် ထုတ်လုပ်ရန် သတ်မှတ်ထားသည့် တန်ချိန်အလိုက် ပြည့်မီစွာ ထုတ်လုပ်သွားကာ အလေအလွင့်မရှိစေရေးနှင့် အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ (၁၉)

ခေတ်မီမြေတိုင်းတာခြင်းနှင့် မြေပုံရေးဆွဲခြင်း ဘာသာရပ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၃၁

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ(အလုပ်သင်)များ၏ ခေတ်မီမြေတိုင်းတာခြင်းနှင့် မြေပုံရေးဆွဲခြင်း ဘာသာရပ်သင်တန်း အမှတ်စဉ်(၃)ဆင်းပွဲနှင့် အောင်လက်မှတ်ချီးမြှင့်ပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများကိုချီးမြှင့်၍ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးသို့ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိ(အလုပ်သင်) သင်တန်းသား ၂၇ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

TOA အိမ်သုတ်ဆေး ပစ္စည်းသစ်များအကြောင်း မိတ်ဆက်ရှင်းလင်းပွဲတွင် ပညာရှင်တစ်ဦးက TOA အိမ်သုတ်ဆေးအကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

TOA အိမ်သုတ်ဆေးပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၃၁

Greenline Myanmar Group Co., Ltd. နှင့် TOA Paint (Thailand) Co., Ltd. တို့က ကြီးမှူးကျင်းပသော TOA Seminor 2006 အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ အခမ်းအနားသို့ Greenline Myanmar Group Co., Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ TOA Paints (Thailand) မှ Trade Manager များ၊ နည်းပညာရှင်များနှင့် ဖိတ်ကြားထားသော အိမ်သုတ်ဆေးဆိုင်ပိုင်ရှင်များ၊ အင်ဂျင်နီယာများ၊ စက်ရုံပိုင်ရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ဆေးသုတ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ TOA Paint (Thailand) မှ Mr. Menon က TOA Paints ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း နောက်ခံကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး TOA ကုမ္ပဏီအုပ်စုမှ ထုတ်လုပ်သော သုတ်ဆေးများမှာ နိုင်ငံတကာ၌ နာမည်ရပြီးဖြစ်သည့်အတွက် သုံးစွဲသူများနှင့် အရောင်း ကိုယ်စားလှယ်များ နှစ်ခြိုက်ကျေနပ်မှုရှိစေရန် နောက်ဆုံးပေါ် နည်းပညာရပ်များဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျွမ်းကျင်ပညာရှင် Mr. Wittipong က TOA ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆေးများတွင် ပါဝင်သည့် ဒြပ်ပစ္စည်းများ၏ အရည်အသွေး တစ်ခုချင်း အလိုက်ကိုလည်းကောင်း၊ ခေတ်မီနည်းပညာသစ်များဖြင့် ပြုလုပ်ထားသည့်အတွက် ဖုန်၊ ရေညှိနှင့် အညစ်အကြေးများ တွယ်ကပ်ခြင်းမှ ကင်းဝေးနိုင်မှုကို လည်းကောင်း၊ Microban ပါဝင်မှုကြောင့် Duraclean ၏ ထူးခြားသော အရည်အသွေးကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် TOA Paints (Thailand) Co., မှ စက်မှုလုပ်ငန်းသုံးသုတ်ဆေးများ၊ ပရိဘောဂသုံး သုတ်ဆေးများ၊ အိမ်သုတ်ဆေး(ရေဆေး၊ ဆီဆေး) များ အရောင်ပေါင်းတစ်သောင်းခန့်ရှိသည့်အနက် မိမိနှစ်သက်ရာ အရောင်များကို သုံးမိနစ်အတွင်း စိတ်ကြိုက်ဝယ်ယူ ရရှိနိုင်ပုံနှင့် အသုံးပြုပုံများကို လက်တွေ့သရုပ်ပြရှင်းလင်းပြီး တက်ရောက်လာသော ဧည့်ပရိသတ်များ သိရှိလိုသော မေးမြန်းချက်များကို ထိုင်းနိုင်ငံမှ ပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

ယနေ့ရှင်းလင်းပြသခဲ့သော TOA အိမ်သုတ်ဆေးများ၊ ပရိဘောဂသုတ်ဆေးများ၊ စက်မှုလုပ်ငန်းသုံး သုတ်ဆေးများကို ရန်ကုန်မြို့၌ GMG Co., Ltd. အမှတ်(၆၅)ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၄၆၁၉၄၊ ၃၈၄၁၁၉မှ လည်းကောင်း၊ မန္တလေးမြို့၌ GMG Co., Ltd. အမှတ်(၃၁၀) လမ်း ၈၀၊ (၂၀x၂၁)လမ်းကြား အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၆၄၈၅၈မှလည်းကောင်း တိုက်ရိုက်ဖြန့်ချိပေးသည့်အပြင် အမြို့မြို့အနယ်နယ်ရှိ အိမ်သုတ်ဆေးရောင်းချသော ဆိုင်ကြီးများ၌လည်း ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)



မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်

၂၀၀၆ခုနှစ် မေ ၃၁ ရက် မွန်းလွဲ ၂နာရီအချိန်ထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင်နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကျောက်တော်မြို့တွင် ၈ ဒသမ ၆၆ လက်မ၊ မင်းတပ်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ အမ်းမြို့တွင် ၁ဒသမ၇၇လက်မ၊ ဟသ်္ဘာတမြို့တွင် ၁ဒသမ၇၀လက်မနှင့် ချောက်မြို့တွင် ၀ဒသမ၅၅လက်မတို့ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁ ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်)

၃၀-၅-၂၀၀၆

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်)

၃၁-၅-၂၀၀၆

၁၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၃၁-၅-၂၀၀၆

နေပူသည့်နာရီပေါင်း ၂ ဒသမ ၇ နာရီခန့် ၃၀-၅-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၁-၅-၂၀၀၆	၀ဒသမ၄၈လက်မ	၀ဒသမ၈၇လက်မ	၁ဒသမ၁၉လက်မ
၁-၁-၂၀၀၆ရက်မှ			
ယနေ့အထိ	၁၅ဒသမ ၂၄လက်မ	၁၉ဒသမ၅၇လက်မ	၂၀ဒသမ၉၁လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၀-၅-၂၀၀၆ရက် ၂၀း၁၅နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်းတိုက်ခတ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ကာသေ့လင်းယုန်ငှက်များ (သို့မဟုတ်) တူနီးရှား

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားပွဲတွင် တူနီးရှားအသင်းသည် (ဇ)အုပ်စု၌ စပိန်၊ ယူကရိန်း၊ ဆော်ဒီတို့နှင့် အတူပါဝင်နေသည်။

၁၉၇၈ခုနှစ် အာဂျင်တီးနား ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တူနီးရှားအသင်းသည် အုပ်စု(ခ)၌ ပိုလန်၊ အနောက်ဂျာမနီ၊မက္ကဆီကိုတို့နှင့်အတူကျသည်။ ပွဲဦးထွက်၌ မက္ကဆီကို ၃-၁ ဖြင့် နိုင်လိုက်သည်။ ဒုတိယပွဲတွင် ပိုလန်ကို တစ်ဂိုး-ဂိုးမရှိ ရှုံးသည်။ နောက်ဆုံးပွဲတွင် သရဖူကာကွယ်သည့် အနောက်ဂျာမနီကို ဂိုးမရှိ သရေကစားခဲ့သည်။ သို့ဖြစ်၍ တူနီးရှားသည် ပထမအဆင့်အုပ်စုပတ်လည်မှ အိမ်ပြန်ခဲ့ရသည်။ မက္ကဆီကိုအသင်းကို အနိုင်ရလိုက်သောကြောင့် လင်းယုန်ငှက်များအတွက် သမိုင်း၌ ကမ္ပည်းထိုးလိုက်နိုင်သည်။

ထို့နောက်ပိုင်း တူနီးရှားသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲ မအောင်မြင်ဘဲရှိခဲ့သည်။ ၁၉၉၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားနှင့် ၂၀၀၂ခုနှစ် ကိုရီးယား-ဂျပန်ကမ္ဘာ့ဖလားပြိုင်ပွဲကျမှ ပြန်ပေါ်လာသည်။ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား၌ တူနီးရှားသည် အင်္ဂလန်ကို ၂-၀ဖြင့် ရှုံးသည်။ ဒုတိယပွဲစဉ်တွင် ကိုလံဘီယာကို တစ်ဂိုး-ဂိုးမရှိ ရှုံးပြီး ရိုမေးနီးယားအား ၁-၁ သရေကျသည်။ ၂၀၀၂ခုနှစ် ပထမအဆင့်အုပ်စုပြိုင်ပွဲတွင် တူနီးရှားသည် ရုရှားကို ၂-၀ဖြင့် ရှုံးသည်။ ဘယ်လ်ဂျီယံနှင့်တစ်ဂိုးစီသရေကျသည်။ ဂျပန်ကို ၂-၀ဖြင့် ရှုံးပြီးထွက်ရ သည်။

၂၀၀၂ခုနှစ် ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ဝင်ခွင့်ရသော အာဖရိကငါးနိုင်ငံထဲမှ တစ်သင်းဖြစ်သောကြောင့် တူနီးရှားသည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အကြိုခြေစစ်ပွဲကစားရန် မလို။ ပြင်သစ်လက်ရွေးစင်အသင်း နည်းပြဆရာဟောင်းဖြစ်သော ရိုဂျာ

တူနီးရှားလက်ရွေးစင် ဘောလုံးအသင်းအား တွေ့ရစဉ်။

တူနီးရှားဘောလုံးအသင်း နည်းပြ ရိုဂျာလီမာရီ။

လီမာရီ၏ အုပ်ချုပ်ကွပ်ကဲမှုအောက်၌ တူနီးရှားအသင်းသည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲအောင်မည်ဟု မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာခဲ့သည်။ ပရိသတ်များကြားတွင်လည်း ရေပန်းစားလူကြိုက်များခဲ့သည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် အာဖရိကနိုင်ငံများဖလား ဗိုလ်လုပွဲအဖြစ် မော်ရိုကိုအသင်းနှင့် အိမ်ကွင်း၌ ကစားရသည်။ မော်ရိုကိုအသင်းကို ၂-၁ ဖြင့်နိုင်သောကြောင့် တူနီးရှားအသင်းသည် ဆုဖလားကြီးကို ပရိသတ် ၆၀,၀၀၀ရှေ့၌ ကိုင်မြှောက်ခွင့်ရခဲ့သည်။ ၎င်းပြိုင်ပွဲမှရရှိခဲ့သော ယုံကြည်မှုများဖြင့် ခြေစစ်ပွဲဝင်ခဲ့သည်။

ဂမ်ဆိုင်း

ကံကြမ္မာ ဖန်တီးလာမှုကြောင့် ပြိုင်ဘက်ဟောင်းမော်ရိုကိုနှင့် အုပ်စု၌ မမျှော်လင့်ဘဲ ပြန်လည်ဆုံစည်းသည်။ ပထမအကျော့တွင် တစ်ဂိုးစီသရေကျသည်။ ဒုတိယပွဲမှာလည်း နှစ်ဂိုးစီ သရေကျသည်။ သို့သော်လည်း တူနီးရှားသည် အုပ်စုဗိုလ်ဖြစ်သည်။

ခြုံကြည့်လျှင် တူနီးရှားသည် ဂျာမနီသို့ သက်သောင့်သက်သာဖြင့် သွားရသောကြောင့် ပျော်ရွှင်နေကြသည်။ ၂-၁ ဖြင့် ဂီနီအသင်းကိုရှုံးသည်မှလွဲ၍ ခြောက်ပွဲနိုင်၊ သုံးပွဲသရေကျသည်။ ၂၀၀၅ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင်လည်း တူနီးရှားသည် ခြေစွမ်းပြနိုင်ခဲ့သည်။ ထို့ကြောင့် လာမည့် ဂျာမနီပြိုင်ပွဲ၌ အခြားပြိုင်ဘက် အသင်းများကို တူနီးရှားက တောင့်တင်းသော အသင်းတစ်သင်းဖြစ်ကြောင်း ထုတ်ဖော်ပြသဖွယ်ရှိသည်။

တူနီးရှားအသင်းမှာ ထိပ်တန်းအဆင့်စွမ်းရည်ရှိသော ကစားသမားရှိသည်။ ဥပမာ အသင်းခေါင်းဆောင် ဟက်တန်မ်ထရက်ဘဲလ်စီ၊ အက်ဒဲလ်ချပ်ဒ်ဒလီ၊ ဆန်တို့စ်၊ ဇီဘက်ဂျာဇီးရစ်စသူတို့ဖြစ်သည်။ ဤသို့သော အရည်အသွေး တောက်ပြောင်သော ကစားသမားများ ရှိခြင်းကြောင့် ကာသေ့လင်းယုန်ငှက်များဟု ခေါ်တွင်သော တူနီးရှားအသင်းက မျှော်လင့်ချက် မြင့်မားလျက်ရှိသည်။ လူငယ်တိုက်စစ်မှူးကလေး ဟေးခ်ီဂူမမ်ဒီယားကလည်း အာဖရိက၏အကောင်းဆုံးတိုက်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်အောင် တဖြည်းဖြည်း တိုးဝင်လာနေပြီ ဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရခြင်းက တူနီးရှား၏ စွမ်းပကားကိုကောင်းစွာ ဖော်ပြနေခြင်းဖြစ်သည်။

သို့ဖြစ်၍ ရည်မှန်းချက်ကြီးမားသော တူနီးရှားအသင်းက ပြိုင်ဘက်များကိုမည်သို့ ရင်ဆိုင်ယှဉ်ပြိုင်ကစားသွားနိုင်မည်ဆိုသည်ကို လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ စောင့်ကြည့်ရမည်ဖြစ်ပါသည်။ ။

ကွယ်လွန်သူ နှစ်ဖက်သောမိဘများနှင့် ခင်ပွန်း ဦးမျိုးချစ်၊ သား ကိုကိုနိုင်၊ ညီညီနိုင်တို့အားရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၁၂)လမ်းနေ ဒေါ်နိုင်နိုင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဦးသီလစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရွှေသင်္ကန်းကပ်လှူရန်လှူဒါန်း

ရန်ကုန် မေ ၃၁

ညောင်ဦးမြို့ သမိုင်းဝင်ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ကွယ်လွန်သူ CE ဦးကျော်ညွန့်ကိုရည်စူး၍ Uniteam Marineကုမ္ပဏီ MV Ernst Rickmirသင်္ဘောမှအရာရှိများနှင့် ဝန်ထမ်းများက **(အပေါ်ပုံ)** ကိုးလက်မပတ်လည် ရွှေချပြီးအချပ် ၅၀ ကျပ် ၂၅၀၀၀၀၊ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏစုပေါင်းရပ်ကွက် ယင်းမာမြိုင်လမ်းနေ ညီအစ်ကိုနှစ်ဦးဖြစ်သူ မောင်ဘုန်းမြင့်သူက မွေးနေ့အထိမ်းအမှတ်၊ မောင်ကျော်ဇင်ထူးက မွေးလအဖြစ် ရွှေတစ်ဆိုင်းစီ ကျပ် ၃၂၀၀၀ကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ရုံး အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၄၆၄၈၉သို့ လာရောက်လှူဒါန်းရာ ဆီမီး ၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း၊ တွဲဖက်အတွင်းရေးမှူးဦးကြည်စိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (က-ပ)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ၂၅ရက်က မော်လမြိုင် ရဲဘော်ကုန်း(၄) လမ်းနေ ဦးကိုမင်း-ဒေါ်သန်းကြည် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

ထူးခြားမြစ်ရေ အခြေအနေသတင်း

ရန်ကုန် မေ ၃၁

(၂၀၀၆ ခုနှစ်၊ မေလ ၃၁ ရက် ၁၂:၀၀ နာရီအချိန်ထုတ်ပြန်ချက်)

လွန်ခဲ့သော လေးရက်အတွင်းက ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ၇၃၀ စင်တီမီတာ(၂၄ပေခန့်)၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၆၆၃ စင်တီမီတာ (၂၂ပေခန့်) မြင့်တက်ခဲ့သည်။

ယင်းတို့၏ အရှိန်ကြောင့် နောက်သုံးရက်မှ ခုနစ်ရက်အတွင်း ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၂၀ စင်တီမီတာ (၁၄ပေခန့်)၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၅၀ စင်တီမီတာ (၁၂ပေခန့်) လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက် မြင့်မိုရ်လမ်းနေ ဒေါ်ရင်အေးမိသားစုက သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဦးကျော်စိုး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၃၁

၂၀၀၆ ခုနှစ် မေလ ၃၁ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀၂ နာရီ ၁၅ မိနစ် ၀၀ စက္ကန့်အချိန်တွင် စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင်၁၅၀ခန့်ကွာဝေးသော ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀ိ/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၈၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၆

လှူဒါန်း

ရောဝတီတိုင်း ပန်းတနော်မြို့နယ် မြတောင်စာသင်တိုက်ရှိ မြမေဗုဒ္ဓာမျက်စိကုဆေးရုံတွင် တည်ဆောက်လျက်ရှိသော မျက်စိစမ်းသပ်ခန်းတစ်ခန်းအတွက် ကုန်ကျငွေကျပ်၁၀သိန်းကိုမေ၃၀ရက်က ရန်ကုန်မြို့၊ ၂၇လမ်းနေ အောင်ဆုထူးပိုင်ထီဆိုင်ပိုင်ရှင် ဦးကျင့်ဟူ-ဒေါ်မြင့်မြင့်ဝင်းမိသားစုက လှူဒါန်းရာ မြတောင်စာသင်တိုက်ကိုယ်စား ဦးကျော်မြင့်လက်ခံယူစဉ်။ (သတင်းစဉ်)

တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော် ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။

(၅၂၆)

ကွယ်လွန်သူ ဖခင် ဦးဘာဘာ၊ မိခင် ဒေါ်လှကြည်နှင့် အစ်ကို ဦးသောင်းတင်တို့အားရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းသမိန်ဗရမ်းလမ်းသွယ်နေ ဦးလှမြင့်-ဒေါက်တာသန်းသန်းဦး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးပူဇော်ပွဲအတွက် အထူးရုပ်ရှင်ပွဲပြမည်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ သက်ကြီးဆရာဝန်များအား ပူဇော်ကန်တော့ပွဲ ရန်ပုံငွေအတွက် ဇွန် ၃ရက်(စနေနေ့) နံနက် ၇နာရီခွဲတွင် သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ "တောင်သမန်သစ္စာ"ရုပ်ရှင်ဇာတ်ကားကို လည်းကောင်း၊ ဇွန် ၄ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲတွင် သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ "ဆဋ္ဌဂံ"ရုပ်ရှင်ဇာတ်ကားကို လည်းကောင်း အထူးရုပ်ရှင်ပွဲအဖြစ် ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

အင်းစိန်မြို့ ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းနေ ကွယ်လွန်သူ ဦးမြင့်ဝေအားရည်စူး၍ညီမဖြစ်သူ ဒေါ်ခင်စိုးရီ၊ ဇနီး ဒေါ်ခင်အေးနှင့် သမီးများက အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးအုန်းကြိုင်၊ ဥက္ကဋ္ဌ ဦးမြသင်းတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ မေ ၂၃ ရက်က ကျင်းပသည့် ဝမ်းပျက်၊ ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲတွင် အသင်းအတွင်းရေးမှူး ဒေါက်တာ ဒေါ်သန်းလှ ဟောပြောစဉ်။

(မြို့နယ်မိခင်/ကလေး)



ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❖

ပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

(၁-၆-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

NLD သည် ထိပ်တိုက်ရင်ဆိုင်ရေး၊ နိုင်ငံတော်၏စီးပွားရေးကို ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုသည့် မှားယွင်းသည့်လုပ်ဆောင်ချက်များကို တစိုက်မတ်မတ် လုပ်ဆောင်နေ ပါတီ၏လုပ်ရပ်များအပေါ် စိတ်ကုန်လာသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ NLD ပါတီဝင်သုံးဦး နုတ်ထွက်

ရန်ကုန် မေ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်စိစစ်ရေး အဖွဲ့ခွဲ(၃) အဖွဲ့ဝင် ဦးတင်အောင်၊ တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမောင်တို့ သုံးဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ မေ ၈ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြား နုတ်ထွက်ခဲ့ကြသည်။

တောင်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ NLD ပါတီဝင်သုံးဦး၏နုတ်ထွက်လွှာတွင် ၎င်းတို့သည် ဒေသခံပြည်သူလူထု၏အကျိုး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၃၁

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၁၀၂၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

အင်တာနက်သတင်း

ကမ္ဘာပေါ်ရှိ ဒီရောက်သစ်တောများ အခြေအနေ စီမံခန့်ခွဲမှု အားနည်းချက်ကြောင့် ပျက်သုဉ်းနိုင်

လန်ဒန် မေ ၃၀

ကမ္ဘာပေါ်ရှိ ဒီရောက်သစ်တောများ၏ အခြေအနေသည် စီမံခန့်ခွဲမှုအပိုင်းတွင် ဖြစ်ပေါ်နေသော အားနည်းချက်များကြောင့် ပျက်သုဉ်းမည့်အလားအလာရှိ၍ စိုးရိမ်စရာအနေအထားမျိုးနှင့် ကြုံတွေ့နေရဆဲဖြစ်သည်ဟု သစ်တောဆိုင်ရာ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

နှစ်စဉ်နှစ်တိုင်း ဒီရောက်သစ်တောဧရိယာ ဟက်တာ ၁၂သန်းမှာ စိုက်ပျိုးရေး လုပ်ငန်းအတွက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ခုတ်လှဲခြင်းခံနေရသည်ဟု အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တောအဖွဲ့အစည်းကပြုစုသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

သစ်တောစီမံခန့်ခွဲမှုအပိုင်းတွင် တိုးတက်မှုရှိလာအောင် မဆောင်ရွက်နိုင်ပါက သစ်တောပြုန်းတီးသည့် အဖြစ်များသည် ဆက်လက် ဖြစ်ပေါ်နေမည်ဟုဆိုသည်။

ထိုအစီရင်ခံစာတွင် မကောင်းသည့်အပိုင်းများကိုချည်း သက်သက်တင်ပြထားသည်မဟုတ်ပေ။ တိုးတက်မှုရှိသည့် အပိုင်းများကိုလည်း ဖော်ပြထားသည်။ ဂျာမနီနိုင်ငံတစ်နိုင်ငံစာမျှ အကျယ်အဝန်းရှိသော ဒီရောက်သစ်တောဧရိယာမှ

ယခုအခါ ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်သော အခြေအနေရှိသည်ဟု တင်ပြထားသည်။

အစီရင်ခံစာတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၃ နိုင်ငံတွင်ရှိသော မုတ်သုံသစ်တောအကျယ်အဝန်း ဟက်တာ ၈၁၄ သန်းကို လေ့လာတင်ပြထားသည်။ ထိုသစ်တောများပြုန်းတီးရသည့် အကြောင်းရင်းတွင် တရားမဝင် သစ်ခုတ်လှဲသည့် ကိစ္စသည် အဓိကအကြောင်းရင်း တစ်ခုဖြစ်သည်။

သစ်တောဧရိယာ ဟက်တာသန်းနှင့်ချီရှိသော အကျယ်အဝန်းမှာ သစ်ခိုးထုတ်မှုများကြောင့် ပျက်စီးရခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံမှ မုတ်သုံသစ်တော။

သစ်တောများကို သုဉ်းသွားလောက်အောင် မထိခိုက်စေဘဲ စီးပွားရေးအရအကျိုးရှိစွာ အသုံးချသွားနိုင်သည်ဆိုသော အချက်ကို အများစုက သဘောပေါက် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ▲